# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၂၄၁)၊ ၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၈ ရက်၊ ၆–၈–၂၀၂၆၊ ကြာသပတေးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်၏ ဥက္ကဋ္ဌ ကာဒီနယ် ချားလ်စ်ဘို ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၅

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်၏ ဥက္ကဋ္ဌ ကာဒီနယ် ချားလ်စ်ဘို ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတ၏ ရုံးတော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ နိုင်ငံတော်သမ္မတရုံးဝန်ကြီး ဦးခင်မောင်ရီ၊ သာသနာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူတို့ တက်ရောက်ကြပြီး မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်၏ ဥက္ကဋ္ဌနှင့်အတူ မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများ အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ် သာသနာ့လက်ထောက်ဆရာတော်ကြီး နိုအယ်စောနောအေး၊ ကျိုင်းတုံ၊ မော်လမြိုင်၊ ပုသိမ်၊ ပြည်နှင့် မြစ်ကြီးနားတို့မှ ကက်သလစ်ဂိုဏ်းအုပ် ဆရာတော်ကြီးများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ သို့ ❑



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်၏ ဥက္ကဋ္ဌ ကာဒီနယ် ချားလ်စ်ဘို ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

## မြစ်သားမြို့နယ်၌ နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးခင်းများ ရိတ်သိမ်းလျက်ရှိ

**မြစ်သား ဩဂုတ် ၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီက စပါး ဧက ၂၀၁၁၀ စိုက်ပျိုးခဲ့ရာ စပါးစိုက်ဧကအလိုက် ရိတ်သိမ်းလျက်ရှိကြောင်း မြစ်သားမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြစ်သားမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧက ၂၀၁၁၀ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါ စိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ယခုနှစ် ဇွန်လမှ စတင်ရိတ်သိမ်းခဲ့ရာ အထွက်နှုန်းမှာ တစ်ဧကလျှင် ၁၀၆ ဒသမ ၄၁ တင်း ထွက်ရှိကြောင်း သိရသည်။

စပါးစိုက်ပျိုးတဲ့ အချိန်မှာလဲ တောင်သူတွေ အခက်အခဲမရှိ အဆင်ပြေစွာ စိုက်ပျိုးနိုင်အောင်၊ အထွက်နှုန်းတွေ ကောင်းမွန်အောင် လိုအပ်တဲ့ စိုက်ပျိုးရေးနည်းပညာ၊ မျိုးကောင်းမျိုးသန့်တွေနဲ့ သွင်းအားစုတွေကို ပံ့ပိုးဆောင်ရွက်ပေးခဲ့ပါတယ်''ဟု မြစ်သားမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးမင်းနိုင်က ပြောပြသည်။

မြစ်သားမြို့နယ်တွင် နွေစပါးစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စပါးသီးနှံအရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်စေရေးအတွက် စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိစေရေး ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေးနှင့် စနစ်တကျ သိုလှောင်သိမ်းဆည်းတတ်စေရေး အသိပညာပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုကို ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ပြည်ပပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း တိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြစ်သားမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။



ဝါဝါမြင့်(မြစ်သား)

၀–၀–၀–၀–၀

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၅

**မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် ဒေသအလိုက်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၆ ခုနှစ် ၊ ဩဂုတ် ၆ ရက် ၊ ကြာသပတေးနေ့။

## လျှပ်စစ်ကျွမ်းကျင်သူများ ပေါ်ထွက်လာရေး ဆောင်ရွက်လျက်ရှိ

လျှပ်စစ်ကျွမ်းကျင်မှု အခြေခံသင်တန်းအမှတ်စဉ်(၁/၂၀၂၆) ဖွင့်လှစ်ပြီး ဘာသာရပ်(၁၉)မျိုးကို လက်တွေ့ လျှပ်စစ်လုပ်ငန်းခွင်ဆိုင်ရာ၊ ပညာရပ်ဆိုင်ရာနှင့် စစ်ဆေးရေးလုပ်ငန်းများ၌ အတွေ့အကြုံရှိသည့် လျှပ်စစ်စစ်ဆေးရေးဌာနမှ စစ်ဆေးရေးမှူးများနှင့် စစ်ဆေးရေးဝန်ထမ်းများက သင်ကြားပို့ချသွားမည်ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းရှိ လျှပ်စစ်စစ်ဆေးရေး သင်တန်းခန်းမ၌ ဩဂုတ် ၃ ရက် နံနက်ပိုင်းက ကျင်းပသည့် လျှပ်စစ်ကျွမ်းကျင်မှု အခြေခံသင်တန်းအမှတ်စဉ်(၁/၂၀၂၆)သင်တန်းဖွင့်ပွဲတွင် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက အမှာစကားပြောကြားစဉ် ထိုသို့ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ယခုသင်တန်းတွင် ဆိုလာဓာတ်အားပေးစနစ်နှင့် ပတ်သက်၍ ဗဟုသုတများ၊ နည်းပညာများကိုအခြေခံအားဖြင့် သိရှိနိုင်အောင် ခေါင်းစဉ်တစ်ခုထည့်သွင်း၍ သင်ကြားပေးမည်ဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ စီးပွားရေးဖွံ့ဖြိုး တိုးတက်ရန်အတွက် စက်မှုကုန်ထုတ်လုပ်ငန်းများ၊ MSME များအားလုံး ဖွံ့ဖြိုးတိုးတက်ရန်လိုကြောင်း၊ ထိုသို့ ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်နိုင်ရန် လျှပ်စစ်ဓာတ်အားအသုံးပြုသည့် စက်ပစ္စည်းကိရိယာများ အန္တရာယ်ကင်းရှင်းစွာ လည်ပတ်နိုင်ရေး၊ စနစ်တကျ လက်တွေ့ကိုင်တွယ် တပ်ဆင်နိုင်ရေးနှင့် ပြင်ဆင်နိုင်ရေးတို့အတွက် အဆင့်မီမီတတ်ကျွမ်းသော လျှပ်စစ်ကျွမ်းကျင်သူများ ပေါ်ထွက်လာရေးသည်လည်း အရေးပါသည့် လိုအပ်ချက်တစ်ရပ်ဖြစ်ကြောင်းလည်း ပြည်ထောင်စုဝန်ကြီးက ထည့်သွင်းပြောကြားခဲ့သည်။

သင်တန်းကို လျှပ်စစ်နှင့်ပတ်သက်သည့် အခြေခံသဘောတရားများ၊ လျှပ်စစ်ဥပဒေ၊ လျှပ်စစ်နည်းဥပဒေများ၊ လျှပ်စစ်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို သိရှိနားလည်လာစေရန်၊ လျှပ်စစ်ဆိုင်ရာလုပ်ငန်းများကို ပိုမိုကျွမ်းကျင်စွာနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်လာနိုင်စေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားစေရန်နှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ဖွင့်လှစ်ခဲ့ပြီး သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၈၅ ဦး တက်ရောက်ကာ သင်တန်းကာလမှာ ဩဂုတ် ၃ ရက်မှ စက်တင်ဘာ ၁၁ ရက်အထိ ရက်သတ္တခြောက်ပတ်ကြာ သင်ကြားပို့ချသွားမည်ဖြစ်သည်။ ယနေ့တိုးတက်သည့်ကမ္ဘာတွင် သဘာဝအရင်းအမြစ်ကို ထုတ်ယူသုံးစွဲသည့် စီးပွားရေးလုပ်ငန်းမှသည် လူ့စွမ်းအားအရင်းအမြစ်များကို အခြေခံသည့် စီးပွားရေးလုပ်ငန်းသို့ ပြောင်းလဲလုပ်ဆောင်နေပြီဖြစ်သည်။

သင်တန်းသားများကို အရည်အသွေး ပိုမိုတိုးတက်စေရေး စဉ်ဆက်မပြတ် သင်ယူနိုင်ရေးတို့အတွက် စက်မှုသင်တန်းကျောင်းများ၏ သင်တန်းဆိုင်ရာ စံသတ်မှတ်ချက်စာအုပ်ကို ရေးဆွဲပြီး စံချိန်စံညွှန်းများနှင့်အညီ သင်ကြားလေ့ကျင့်ပေးလျက်ရှိသည်။ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်များပေါ်များရေးနှင့် လျှပ်စစ်ကျွမ်းကျင်သူများ ပေါ်ထွက်လာရေးကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာ ၆ ရွာမှ ပြည်သူများအား စားအုန်းဆီများ ရောင်းချပေး

**ကျောက်ဆည် ဩဂုတ် ၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာ ၆ ရွာမှ ပြည်သူများအား ယမန်နေ့က ကျောက်ဆည်ခရိုင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင် အသင်းဝင် စားသုံးဆီအရောင်းဆိုင်များမှ စားအုန်းဆီ ၁ ပိဿာ ငွေ ၈၄၉၅ ကျပ်ဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

ထိုသို့ရောင်းချရာ၌ ရည်ညွှန်းဈေး ၁ ပိဿာ ငွေ ၇၂၂၀ ကျပ်ဖြင့် ဝယ်ယူခဲ့ပြီး ဦးတင်လင်းအောင် (အမေထွား) ဆီအရောင်းဆိုင်မှ ဒွေးလှကျေးရွာပြည်သူများအား စားအုန်းဆီ ၁၁၀ ပိဿာ၊ ဒေါ်စန်းစန်းငွေ(နေလသုခ ၂) ဆီအရောင်းဆိုင်မှ ဒါန်းတိုင်၊ လက်ပန်ကျေးရွာပြည်သူများအား စားအုန်းဆီ ၃၃၀ ပိဿာ၊ ဒေါ်သဇင်အောင်(နေလသုခ)ဆီအရောင်းဆိုင်မှ အနောက်သံရွာပြည်သူများအား စားအုန်းဆီ ၂၃၃ ပိဿာ၊ ဦးနန်းဦး(နဒီဇရာ)ဆီအရောင်းဆိုင်မှ အုန်းကြော၊ ကုန်းသာကျေးရွာပြည်သူများအား စားအုန်းဆီ ၄၄၀ ပိဿာ တို့အား အသီးသီး ရောင်းချပေးခဲ့ကြောင်း သိရသည်။

**စုစုအေး**

၀-၀-၀-၀-၀

## မှိုစိုက်ပျိုးရေးတောင်သူ နည်းပညာပေးသင်တန်း ဖွင့်လှစ်

**မန္တလေး ဩဂုတ် ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ရပ်စောက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော မှိုစိုက်ပျိုးရေး တောင်သူနည်းပညာပေးသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက အဆိုပါ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ညွန့်တို့က သင်တန်းဖွင့် အမှာစကားများ အသီးသီး ပြောကြားကြသည်။

ထို့နောက် ပြင်ဦးလွင် မှိုသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ၊ ခြံဦးစီးမှူး ဒေါ်ထွေးထွေးအောင်က တောင်သူများ မိသားစုဝင်ငွေ တိုးပွားရေးနှင့် မှိုစိုက်ပျိုးရေးနည်းပညာများ စနစ်တကျ တတ်မြောက်စေရန်အတွက် သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို ဩဂုတ် ၅ ရက်နေ့မှ ၇ ရက်နေ့အထိ ၃ ရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး မှိုသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံမှ ခြံဦးစီးမှူး (ဦးစီးအရာရှိ) ဒေါ်ထွေးထွေးအောင်နှင့် ဒုတိယလက်ထောက်ဦးစီးမှူး ဒေါ်ဂျူလိုင်မိုးတို့က သင်တန်းနည်းပြများအဖြစ် ဆောင်ရွက်ခဲ့ကြသည်။ သင်တန်းတွင် ဒေသခံစိုက်ပျိုးရေးတောင်သူ ၇၀ ဦးတို့အား မှိုမျိုးစေ့ထုတ်လုပ်ခြင်း၊ မှိုစိုက်ပျိုးရေး နည်းစနစ်များ၊ မျိုးကောင်းမျိုးသန့်စိုက်ပျိုးရေးနှင့် G.A.P စနစ်ဆိုင်ရာ အလေ့အထကောင်းများကို စာတွေ့လက်တွေ့ အသိပညာပေး ပို့ချပေးခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၅)**

၀-၀-၀-၀-၀

၀-၀-၀

## တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့)ဆက်လက်ကျင်းပ

**မန္တလေး ဩဂုတ် ၅**

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို (၅.၈.၂၀၂၆) ရက်နေ့ နံနက်(၁၀:၀၀)နာရီအချိန်တွင် မန္တလေးတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမ၌ အစီအစဉ်(၁၀)ရပ်ဖြင့် ကျင်းပရာ အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ စုစုပေါင်း ၇၁ ဦး တက်ရောက်ကြသည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ၁၆ ဦး မေးမြန်းသည့် ကြယ်ပွင့်ပြ မေးခွန်း ၂၀ ခုကို သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်းတို့ကို ဆောင်ရွက်သည်။

ဆက်လက်၍ လွှတ်တော်ဥက္ကဋ္ဌက "ဥပဒေကြမ်း ပြုစုရေးဆွဲရေးအဖွဲ့များ"ဖွဲ့စည်းရန် လွှတ်တော်သို့တင်ပြခြင်း၊ ယင်းဖွဲ့စည်းရန်နှင့် စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်က သဘောတူသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ငါန်းဇွန်မြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၁)၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်သူတင်သွင်းသည့် "မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ ဘဏ္ဍာရေးနှစ်အလိုက် ပိုလျှံငွေများကို ဖြည့်စွက်ရန်ပုံငွေအဖြစ် အသုံးပြုရေးနှင့် အကြောင်းအမျိုးမျိုးကြောင့် ဝင်ငွေရရှိမှုနည်းသော မြို့နယ်စည်ပင်သာယာရေးအဖွဲ့များအား တိုင်းဒေသကြီးအစိုးရရန်ပုံငွေမှ အထောက်အပံ့ပေးရေး"အဆိုကို လွှတ်တော်သို့ တင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း၊ ၎င်းအဆိုကို ဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏ သဘောထားရယူခြင်းတို့ ဆောင်ရွက်ရာ လွှတ်တော်က သဘောတူသည့်အတွက် အဆိုနှင့် ပတ်သက်၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်းပေးသွင်းနိုင်ကြောင်းနှင့် ဆွေးနွေးမည့်နေ့ရက်ကို ကြေညာသည်။



မန္တလေးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို (၁၁:၄၅)နာရီအချိန်တွင် ရပ်နားကြောင်းနှင့် အစည်းအဝေး(တတိယနေ့)ကို ၆.၈.၂၀၂၆(ကြာသပတေးနေ့) နံနက်(၁၀:၀၀)အချိန်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

**(မန္တလေးနေ့စဉ်-၈)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# လူငယ်တွေ ပညာတတ်ဖြစ်အောင်လုပ်၊ စည်းကမ်းနဲ့ ပတ်သက်ပြီး သိရှိအောင်လုပ်၊ အပျော်အပါးတွေလျှော့

**“ လူငယ်တွေအနေနဲ့ ပညာရေးမှာ ကြိုးစားကြပြီး ပညာတတ်တွေဖြစ်အောင် လုပ်ကြဖို့၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်ကြဖို့၊ ကြိုးစားအားထုတ်ကြဖို့ လိုပါတယ်။ နောက်ပြီး အပျော်အပါးတွေ လျှော့စေချင်တယ်။ လူငယ်တွေ ကြိုးစားစေချင်တယ်။ တိုင်းပြည်အတွက် အလားအလာတွေ အများကြီး ရှိပါတယ်။ ”**

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၃၁-၇-၂၀၂၆ ရက်နေ့တွင် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့သို့ တက်ရောက်၍ နိုင်ငံတော်အစိုးရ၏ ရက် (၁၀၀) ပြည့်အခြေပြမိန့်ခွန်းပြောကြားပြီး မီဒီယာများ၏ မေးမြန်းမှုများအပေါ် ဖြေကြားချက်မှ ကောက်နုတ်ချက်)

❑ ရှေ့ဖုံးမှ

ထိုသို့တွေ့ဆုံရာတွင်ဦးစွာမြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်၏ဥက္ကဋ္ဌက နှုတ်ခွန်းဆက်ဆုတောင်းစကားပြောကြားရာတွင် နိုင်ငံတော်သမ္မတကြီးနှင့် တွေ့ဆုံခွင့်ရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ နိုင်ငံတော်သမ္မတကြီးအနေဖြင့် ကြီးလေးသည့် နိုင်ငံတော်တာဝန်များကို အခက်အခဲနှင့် စိန်ခေါ်မှုများကြားမှ စွမ်းစွမ်းတမံ ကြိုးပမ်းထမ်းဆောင်လျက်ရှိမှုအပေါ် မိမိတို့အနေဖြင့် ဂုဏ်ပြုပါကြောင်း၊ မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်ကို ဖွဲ့စည်းဆောင်ရွက်ထားရှိပြီး ကက်သလစ်ဘာသာဝင်များအနေဖြင့် လွတ်လပ်စွာ ကိုးကွယ်မှုဖြင့် ဘာသာသာသနာ အကျိုးများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်သမ္မတကြီးအနေဖြင့် ကက်သလစ်ဘာသာဝင်များ ဝတ်ပြုဆုတောင်းခြင်းများ ပြုလုပ်နိုင်ရန်အတွက် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ မြေ၂ ဧကပေါ်တွင် ဘုရားကျောင်းဆောက်လုပ်ရန် ခွင့်ပြုပေးခဲ့မှုအပေါ် မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်နှင့် ကက်သလစ်ဘာသာဝင်များအနေဖြင့် ကျေးဇူးတင်ရှိပါကြောင်း၊ သမ္မတကြီးနှင့်တကွ မြန်မာနိုင်ငံသူနိုင်ငံသားများအားလုံး ကာယသုခ၊ စိတ္တသုခနှစ်ဖြာ အေးချမ်းသာယာပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက မိမိတို့နိုင်ငံ၌ ဘာသာတရားနှင့် ပတ်သက်၍ ယုံကြည်ရာ ဘာသာသာသနာများအလိုက် လွတ်လပ်စွာ ကိုးကွယ်ခွင့်ပေးထားပါကြောင်း၊ မိမိအနေဖြင့် ကိုးကွယ်ရာဘာသာများအလိုက် ဘာသာရေးကျောင်းများသို့ သွားရောက်လှူဒါန်းမှုများနှင့် လေ့လာမှုများ ဆောင်ရွက်ခဲ့ပြီး ကိုးကွယ်ရာဘာသာများအလိုက် ဝတ်ပြုမည့်နေရာများအနေဖြင့် သင့်တော်သည့် ခံ့ထည်ခမ်းနားမှုများ ရှိရန်လိုအပ်လျက်ရှိနေသည်ကို တွေ့မြင်ခဲ့ရပါကြောင်း၊ နိုင်ငံ၏ သမိုင်းကြောင်းတွင် လေ့လာကြည့်မည်ဆိုပါကလည်း ကိုးကွယ်ရာဘာသာရပ်များအလိုက် သာသနာပြုနိုင်ရန်အတွက် မြေနေရာများ ခွင့်ပြုပေးခဲ့သည်ကို တွေ့မြင်သိရှိရပါကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်၏မြို့တော်ဖြစ်သည့် နေပြည်တော်တွင်လည်း ကိုးကွယ်ရာဘာသာအလိုက် အထွတ်အမြတ်ထားရာ ဘုရားကျောင်းများ တည်ဆောက်ရန်နှင့် ဝတ်ပြုရန်နေရာများအား ခံ့ခံ့ထည်ထည် ဖြစ်ပေါ်လာစေရေး မြေနေရာများကို ခွင့်ပြုပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ မိမိအနေဖြင့် ကိုးကွယ်ရာ ဘာသာသာသနာနှင့် ပတ်သက်၍ ခွဲခြားမှုများမထားရှိဘဲ ဘာသာတရားမှတစ်ဆင့် ငြိမ်းချမ်းမှုနှင့် သာယာဝပြောမှုများကို ဆောင်ကြဉ်းပေးနိုင်ရေး အားပေးလျက်ရှိပါကြောင်း။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်၏ ဥက္ကဋ္ဌ ကာဒီနယ် ချားလ်စ်ဘို ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

**❑ မိမိအနေဖြင့် ကိုးကွယ်ရာဘာသာသာသနာနှင့် ပတ်သက်၍ ခွဲခြားမှုများမထားရှိဘဲ ဘာသာတရားမှတစ်ဆင့် ငြိမ်းချမ်းမှုနှင့် သာယာဝပြောမှုများကို ဆောင်ကြဉ်းပေးနိုင်ရေး အားပေးလျက်ရှိ**

**❑ ဘာသာရေးဆိုင်ရာ ခေါင်းဆောင်နေရသူများအနေဖြင့်လည်း နိုင်ငံတော်ကြီးငြိမ်းချမ်းရေးအတွက် ပြည်သူများ၏ အတွေးအခေါ်များနှင့် စိတ်ဓာတ်များ ယဉ်ကျေးသိမ်မွေ့လာစေရေး၊ ငြိမ်းချမ်းမှုနှင့် သာယာဝပြောမှုကို ဆောင်ကြဉ်းပေးနိုင်ရေး ဘာသာတရားမှတစ်ဆင့် ဆောင်ရွက်ပေးနိုင်ပါရန် မေတ္တာရပ်ခံလိုပါကြောင်း ပြောကြား**

လက်ရှိအချိန်တွင် နိုင်ငံတော်အနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းလျက်ရှိပြီး ဒီမိုကရေစီစနစ်ကို ကျင့်သုံးဆောင်ရွက်ရာတွင် စည်းကမ်းစနစ်တကျရှိသည့် ဒီမိုကရေစီဖြစ်ရန်လိုပြီး ဘာသာရေးအရ၊ နိုင်ငံရေးအရ ငြိမ်းချမ်းမှုရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍လည်း မိမိအနေဖြင့် ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိပြီး ဖြစ်နိုင်သမျှသော နည်းလမ်းမျိုးစုံဖြင့် တိုင်းပြည်ငြိမ်းချမ်းမှု ရရှိအောင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် အတူယှဉ်တွဲနေထိုင်ကြသည့် လူ့ဘောင်အဖွဲ့အစည်းတစ်ခုအတွင်း၌ ကြုံတွေ့လာသည့်ပြဿနာများကို ဒီမိုကရေစီနည်းလမ်းဖြစ်သည့် တွေ့ဆုံဆွေးနွေးအဖြေရှာခြင်း နည်းလမ်းကသာ အောင်မြင်စေနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ နိုင်ငံရေးပြဿနာ တစ်နည်းအားဖြင့် နိုင်ငံရေးအရ တောင်းဆိုလိုမှုကို နိုင်ငံရေးနည်းလမ်းဖြင့်သာ ဖြေရှင်းရမည်ဖြစ်ပါကြောင်း၊ လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ်ဖြင့် တောင်းဆို၍ရနိုင်မည် မဟုတ်ပါကြောင်း၊ ဘာသာရေးနှင့်ပတ်သက်၍ ကိုးကွယ်ရာဘာသာတိုင်းသည် မှန်ကန်သည့် အတွေးအခေါ်များ ပေးနိုင်ပါကြောင်း၊ ထို့ကြောင့် ဘာသာရေးဆိုင်ရာ ခေါင်းဆောင်နေရသူများအနေဖြင့်လည်း နိုင်ငံတော်ကြီးငြိမ်းချမ်းရေးအတွက် ပြည်သူများ၏ အတွေးအခေါ်များနှင့် စိတ်ဓာတ်များ ယဉ်ကျေးသိမ်မွေ့လာစေရေး၊ ငြိမ်းချမ်းမှုနှင့် သာယာဝပြောမှုကို ဆောင်ကြဉ်းပေးနိုင်ရေး ဘာသာတရားမှတစ်ဆင့် ဆောင်ရွက်ပေးနိုင်ပါရန် မေတ္တာရပ်ခံလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ဆရာတော်ကြီးများ၏ လိုအပ်ချက်များအား မေးမြန်းပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများ အဖွဲ့ချုပ်၏ ဥက္ကဋ္ဌတို့သည် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်၏ ဥက္ကဋ္ဌ ကာဒီနယ် ချားလ်စ်ဘို အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

◆ စာမျက်နှာ ၂၄ မှ

ရေဖြတ်သန်း စီးဆင်းမှုကြောင့် တာတမံနိမ့်ကျမှု ဖြစ်ပွားပြီး ရေကျော်စီးဝင်ခြင်း ဖြစ်စဉ်နှင့် ပတ်သက်၍ ဖြစ်စဉ်ဖြစ်ပွားလျှင် ဖြစ်ပွားခြင်း တပ်မတော်နှင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ တက်ညီလက်ညီ ပူးပေါင်းပြီး အမြန်ဆုံး တုံ့ပြန်ဆောင်ရွက်ခဲ့ကြသည့် အတွက် လူအသေအပျောက် တစ်စုံတစ်ရာ မရှိဘဲ အောင်မြင်အောင်ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရပါကြောင်း၊ နိုင်ငံတော်သမ္မတကလည်း သဘာဝဘေးနှင့် ပတ်သက်၍ လိုအပ်ချက်များကို အကောင်းဆုံးနှင့် အမြန်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဧရာဝတီနှင့် ငဝန်မြစ်ရိုးတစ်လျှောက်ရှိ တာများကြံ့ခိုင်မှု အခြေအနေကို ကွင်းဆင်းစစ်ဆေးရန်၊ ရေကင်းများ စနစ်တကျချထားဆောင်ရွက်ရန်နှင့် ထူးခြားမှုရှိပါက ပြည်သူလူထုကို အသိပေးနိုင်သည့်စနစ် ထူထောင်ထားရှိရန်လိုအပ်ပါကြောင်း၊ ရေကြီးရေလျှံမှုကို ကာကွယ်နိုင်ရန်နှင့် မြစ်ရေတင်စီမံကိန်းများ ဆောင်ရွက်နိုင်ရန် မြစ်ကြောင်းများတွင် အနိမ့်တမံများလည်း တည်ဆောက်နိုင်ပါကြောင်း။

**ကဏ္ဍအလိုက် စီမံပြင်ဆင် ဆောင်ရွက်ရမည်**

ရေကြီး ရေလျှံမှုကြောင့် ပြန်လည်ပြင်ဆင်ရန်လိုအပ်သည့် လမ်းတံတားများ၊ လျှပ်စစ်ဓာတ်အား၊ ဆက်သွယ်ရေး၊ ကျောင်း၊ ဆေးရုံ၊ သောက်သုံးရေစနစ်များကို အမြန်ဆုံး ပြန်လည်အသုံးပြုနိုင်ရေးကဏ္ဍအလိုက် စီမံပြင်ဆင်ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ရေနစ်မြုပ် ပျက်စီးသွားသည့် လယ်ယာမြေများတွင် စပါးပြန်လည်စိုက်ပျိုးရန်နှင့် အချိန်မမီပါက အခြားသီးနှံများ အစားထိုးစိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်းနှင့် မျိုးစေ့၊ စိုက်ပျိုးရေး သွင်းအားစုများ၊ လိုအပ်သည့် ထောက်ပံ့ကူညီမှုများနှင့် နည်းပညာများကိုလည်း သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအစိုးရတို့က ပူးပေါင်းစီစဉ် ပေးသွားမည်ဖြစ်ကြောင်း။

ကျောင်းဖွင့်ရာသီ ဖြစ်သောကြောင့် ရေပြန်လည်ကျချိန်တွင် စာသင်ကျောင်းများ အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေး စီမံကူညီဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တာတမံများ၊ မြစ်ကမ်းများ၏ တောင့်တင်းခိုင်မာမှုနှင့် ကြံ့ခိုင်မှုတို့အတွက် ရေတိုအစီအမံများနှင့် ရေရှည်ဆောင်ရွက်မည့်အစီအမံများကို ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

ယနေ့ အစည်းအဝေးတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ အနေဖြင့် လက်ရှိဆောင်ရွက်နေသည့် အခြေအနေ၊ တွေ့ကြုံရသည့် အခက်အခဲများ၊ ဖြည့်ဆည်းဆောင်ရွက်ပေးရမည့်ကိစ္စရပ်များကို ဆွေးနွေးပေးကြရန်နှင့် မိမိတို့ တိုင်းဒေသကြီးအတွင်းရှိ ကားလမ်း၊ ရထားလမ်းပိုင်းများအား ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များကို အမြန်ဆုံးပြင်ဆင်ဆောင်ရွက်ရန်နှင့် ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးအတွက် သက်ဆိုင်ရာဌာနများအားလုံး တက်ညီလက်ညီ ပူးပေါင်း ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်တွင် ရေကြီးရေလျှံ ဖြစ်ပွားခဲ့မှု၊ ကူညီကယ်ဆယ်ရေး၊ စာသင်ကျောင်းများ ဖွင့်လှစ်နိုင်ရေး၊ ကျန်းမာရေးအထောက်အကူပြုကုသမှုဆေးရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ လမ်းပန်းဆက်သွယ်ရေးပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို လည်းကောင်း၊ ဒုတိယဝန်ကြီးများနှင့် တက်ရောက်လာသူများက ရေကြီးရေလျှံဖြစ်ပွားခဲ့မှု၊ အမြန်ဆုံး ပြန်လည်ပြုပြင်ဆောင်ရွက်ခဲ့မှု၊ ကူညီကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကိုလည်းကောင်း၊ ရေငန်ဝင်ရောက်လေ့ရှိသည့် လယ်ယာများတွင် ရေငန်တား တာများကို ဆောင်ရွက်နိုင်မည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း တင်ပြချက်များအပေါ် ဒုတိယသမ္မတက ပြန်လည်သုံးသပ်ဆွေးနွေး၍ လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနစုရှိ ဓာတ်ခွဲခန်းများအား အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် စိတ်ဝင်စားမှုအဆိုပြုလွှာ(Expression of Interest -EOI) ခေါ်ယူခြင်း

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန လက်အောက်ရှိ ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနစုသည် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ကျွန်းကလေးကျေးရွာ ရန်ကုန် - ပဲခူးလမ်းမကြီးဘေး၌ တည်ရှိပါသည်။

ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနစုရှိ ဓာတ်ခွဲခန်းများမှ ပြည်ပသို့တင်ပို့သည့် လယ်ယာထွက်ကုန်သီးနှံများနှင့် ပြည်တွင်း ပြည်ပမှ ထုတ်လုပ်တင်သွင်းသည့် စားသုံးဆီများ၏ အရည်အသွေးများအား ဓာတ်ခွဲစမ်းသပ်စစ်ဆေး၍ ရလဒ်များအား Test Report ထုတ်ပေးလျက်ရှိပြီး နိုင်ငံတကာအသိအမှတ်ပြုလက်မှတ် (ISO/ IEC 17025) ရရှိရေး၊ ပို့ကုန်သွင်းကုန်များအား ဓာတ်ခွဲစမ်းသပ်စစ်ဆေးရာတွင် အထောက်အကူဖြစ်စေရေးနှင့် စီးပွားဖြစ်တွက်ခြေကိုက်မှုရှိစေရေး (Commercialization) တို့အတွက် ပြည်တွင်းလုပ်ငန်းရှင်များနှင့် Joint Operation စနစ်ဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် စီစဉ်လျက်ရှိပါသည်။

သို့ပါ၍ စိတ်ပါဝင်စားသည့် ကုမ္ပဏီများအနေဖြင့် စိတ်ဝင်စားမှုအဆိုပြုလွှာ (EOI) ပုံစံကို www.doca.gov.mm တွင် download ရယူ၍ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ (၃၁)ရက်နေ့ ရုံးချိန်အတွင်း နောက်ဆုံးထား၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ရုံးအမှတ် (၅၂)၊ နေပြည်တော်သို့လိပ်မူ၍လည်းကောင်း၊ အီးမေးလ် itqmconsumer@gmail.com သို့လည်းကောင်း ပေးပို့လျှောက်ထားနိုင်ပါသည်။

**စိတ်ဝင်စားမှုအဆိုပြုလွှာ (EOI) နှင့်အတူ ပူးတွဲတင်ပြရမည့်ကုမ္ပဏီဆိုင်ရာ အထောက်အထားများ**

(က) လုပ်ငန်းဆောင်ရွက်ရန် စိတ်ပါဝင်စားကြောင်းကို တိကျသေချာစွာဖော်ပြ၍ ဆောင်ရွက်မည့် လုပ်ငန်းစီမံချက် (Work Plan၊ Budget Plan) နှင့်အတူ အကြောင်းကြားစာ
(ခ) သက်တမ်းရှိ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်
(ဂ) အဆိုပြုကုမ္ပဏီသည် ပြည်တွင်းကုမ္ပဏီဖြစ်ရန်နှင့် နည်းပညာအရ ပူးပေါင်းဆောင်ရွက်မည့် ပြည်ပကုမ္ပဏီရှိပါက ယင်းကုမ္ပဏီ၏အချက်အလက်များ (ပူးတွဲဖြင့်တင်ပြရန်)
(ဃ) ရင်းနှီးမြှုပ်နှံလိုသည့်ကုမ္ပဏီ၏ လုပ်ငန်းအတွေ့အကြုံ (ပြည်တွင်းရှိ အစိုးရဌာန၊ အဖွဲ့အစည်းနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည့် အတွေ့အကြုံရှိပါက ယင်းဌာန၊ လုပ်ငန်းအဖွဲ့အစည်း၏ ထောက်ခံချက်၊ ပြည်ပတွင် ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံရှိပါက ယင်းအထောက်အထားများကို ပူးတွဲဖြင့်တင်ပြရန်)
(င) ရင်းနှီးမြှုပ်နှံလိုသည့်ကုမ္ပဏီ၏ ဘဏ္ဍာရေးအခြေအနေနှင့် သက်ဆိုင်သည့် အထောက်အထားများ (ယခင် ၃ နှစ်အတွင်း လက်မှတ်ရ စာရင်းစစ်အဖွဲ့က စာရင်းစစ်ဆေးထားသည့် အစီရင်ခံစာ)
(စ) ကုမ္ပဏီနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန်အတွက် Contact Person အမည်၊ ရာထူး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ လိပ်စာ၊ ဖုန်းနံပါတ်နှင့် Email လိပ်စာ

(အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၃၄၃၀၄၅၉၊ ၀၆၇-၃၄၃၀၅၁၀)

စားသုံးသူရေးရာဦးစီးဌာန

**ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေများ ထုတ်ချေးပေးလျက်ရှိရာ ချေးငွေအဆိုပြုလွှာများ ပေးပို့လျှောက်ထားနိုင်**

စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်
စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန
စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
(ချေးငွေအဆိုပြုလွှာများ လျှောက်ထားခြင်းကိစ္စ)

**ဆီစက်လုပ်ငန်းရှင်များအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း**

ပြည်တွင်းဆီစက်များ အဆင့်မြှင့်တင်နိုင်ရန်နှင့် လိုအပ်သောစက်ပစ္စည်းများ ဖြည့်ဆည်းနိုင်ရန် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေများထုတ်ချေးပေးလျက်ရှိရာ ချေးငွေအဆိုပြုလွှာများကို ပြည်ထောင်စုနယ်မြေ (နေပြည်တော်)/တိုင်းဒေသကြီး/ ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံးခွဲများသို့ ပေးပို့လျှောက်ထားနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**အသေးစိတ်သိရှိလိုပါက**

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ် (၃၇)၊ နေပြည်တော်၊ ဖုန်း- ၀၆၇-၃၄၀၈၃၉၅၊ ၀၉-၄၀၁၂၂၄၉၉၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးအပ်ပါသည်။

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဩဂုတ် ၅

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

■ စာမျက်နှာ ၂၄ မှ

ဟင်္သာတမြို့နယ် ၂၆ ရွာ၊ ရေကြည်မြို့နယ် ခြောက်ရွာနှင့် ကျုံပျော်မြို့နယ် နှစ်ရွာ စုစုပေါင်း ၁၀၆ ရွာသို့ ရေဝင်ရောက်မှုဖြစ်ပွားလျက်ရှိသည်။

အဆိုပါ ငဝန်တာ၏အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် တာတမံနိမ့်ကျမှုဖြစ်ပွားပြီး ရေကျော်စီးဝင်ခြင်းကြောင့် လေးမျက်နှာမြို့ပေါ်ရပ်ကွက် ငါးခု၊ မြို့တွင်းလမ်းမကြီးများနှင့် ပတ်ဝန်းကျင်ကျေးရွာ ၇၂ ရွာ၊ ဟင်္သာတမြို့နယ် ၂၆ ရွာ၊ ရေကြည်မြို့နယ် ခြောက်ရွာနှင့် ကျုံပျော်မြို့နယ် နှစ်ရွာ စုစုပေါင်း ၁၀၆ ရွာရှိ လူနေအိမ်များအတွင်းသို့ ရေဝင်ရောက်မှုများဖြစ်ပွားခဲ့ခြင်းကြောင့် ရေဘေးကူညီကယ်ဆယ်ရေးစခန်း ၁၃ ခု ဖွင့်လှစ်ထားရှိပြီး အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်ခြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ စုပေါင်း၍ ရေဘေးသင့်ပြည်သူများအား ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ပစ္စည်းများအား ဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းခြင်းများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး မြစ်ရေတိုက်စားပြိုကျမှုမှ ကာကွယ်ရန် တာခြေထောက်ခြင်းအဖြစ် ကမ်းထိန်းအိတ်များချခြင်း၊ ရေရှိန်တားပြုလုပ်ခြင်း၊ ရေကာတာ တာပေါင် မြေဖို့ခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။



ယင်းသို့ ဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အရေးပေါ်အခြေအနေများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျား၊ မ ရေးရာ ထည့်သွင်းစဉ်းစားခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၅

သဘာဝဘေးအန္တရာယ်နှင့် အရေးပေါ်အခြေအနေများကျရောက်ချိန်၌ ကလေးသူငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများကဲ့သို့ ထိခိုက်လွယ်အုပ်စုများမှာ စိန်ခေါ်မှုများနှင့် ပိုမိုကြုံတွေ့ရပြီး အရေးပေါ်တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လူအားလုံးအတွက် တန်းတူအကူအညီပေးသည့် ယေဘုယျအမြင်တစ်ခုတည်းဖြင့် မလုံလောက်ဘဲ ကျား၊ မ ကွဲပြားမှုအပေါ် အခြေခံသည့် လိုအပ်ချက်များကို သေချာခွဲခြားစိတ်ဖြာ တုံ့ပြန်ဆောင်ရွက်သည့်စနစ် (Gender-responsive approach) ကို ပြောင်းလဲကျင့်သုံးရန် လိုအပ်ကြောင်း အရေးပေါ်အခြေအနေများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ကျား၊ မရေးရာ ထည့်သွင်းစဉ်းစားခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲမှ သိရသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၄ ရက်မှ ၆ ရက်အထိ နေပြည်တော် Hotel Max ၌ ကျင်းပလျက်ရှိပြီး အမျိုးသမီးရေးရာဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ် ၄၀ တက်ရောက်လျက်ရှိသည်။

အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ၊ အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာသက်သက်ဇင်က မြန်မာနိုင်ငံအနေဖြင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်းတွင် "အမျိုးသမီးများနှင့် အရေးပေါ်အခြေအနေ"ဆိုင်ရာ ဦးစားပေးနယ်ပယ်ကို ထည့်သွင်းရေးဆွဲထားသကဲ့သို့ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီကိုလည်း စနစ်တကျ ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ အရေးပေါ်အခြေအနေ



နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များတွင် ကျား၊ မ ရေးရာကို ထည့်သွင်းစဉ်းစားနိုင်ခြင်းအားဖြင့် ဌာနဆိုင်ရာများ၊ ဒေသဆိုင်ရာအာဏာပိုင်များ၊ ရပ်ရွာအဖွဲ့အစည်းများနှင့် မိတ်ဖက်အဖွဲ့အစည်းများအကြား ခိုင်မာသည့် ပူးပေါင်းဆောင်ရွက်မှုများကို ရရှိစေနိုင်မည်ဖြစ်ကြောင်း၊ စီမံကိန်းများရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းလုပ်ငန်းစဉ်များတွင် ကျား၊ မရေးရာကို အလေးထားချဉ်းကပ်ဆောင်ရွက်ပေးနိုင်ရန် လုပ်ငန်းဆောင်ရွက်နေသူများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်ရန် လိုအပ်ပါကြောင်း၊ ယခုအလုပ်ရုံဆွေးနွေးပွဲတွင် ဘေးအန္တရာယ်တုံ့ပြန်ရေး လုပ်ငန်းစဉ်တိုင်း၌ ကျား၊ မ ရေးရာရှုထောင့် (Gender Lens) ကို ထိရောက်စွာ ထည့်သွင်းအသုံးချနိုင်ရေးအတွက် ဆွေးနွေးဖလှယ်ကြစေလိုကြောင်း ပြောကြားခဲ့သည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဒေါ်စန်းစန်းနွယ်နှင့် ဒေါက်တာသန့်ဇော်လွင်၊ ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

☆ စာမျက်နှာ ၂၄ မှ

အမိုးပိတ်ကွန်ကရစ်တံတား (Box Culvert) အမျိုးအစား တံတားများအဖြစ် အသစ်တည်ဆောက်ပြီးစီး၍ ရထားများဖြင့် စမ်းသပ်မောင်းနှင်ခဲ့ရာ တံတားအသစ်များပေါ်တွင် သတ်မှတ်မိုင်နှုန်းအတိုင်း ဖြတ်သန်းပြေးဆွဲနိုင်ပြီဖြစ်သည့်အတွက် ရထားများ ပုံမှန်အတိုင်း ဖြတ်သန်း မောင်းနှင်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

မြန်မာ့မီးရထားအနေဖြင့် ရထားစီးခရီးသွားပြည်သူများနှင့် ကုန်စည် ပို့ဆောင်သူများ အဆင်ပြေချောမွေ့စေရေးအတွက် ရထားလမ်းနှင့် တံတားများပြင်ဆင်မွမ်းမံခြင်း၊အသစ်တည်ဆောက်ခြင်းများကို လူ အင်အား၊ ပစ္စည်းအင်အား၊ ထိရောက်သော ထောက်ပံ့ပို့ဆောင်ရေး အစီအစဉ်တို့ဖြင့် စနစ်တကျ စီမံကြီးကြပ်ဆောင်ရွက်ခဲ့မှုတို့ကြောင့် ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်းရန်ကုန်မှ မန္တလေးအထိ လူစီးရထားများ၊ကုန်ရထားများ အချိန်မှန်ကန်စွာဖြင့် ပုံမှန်အတိုင်းပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၄)**

# ဝါကြိတ်စက်များအား အထူးချေးငွေအစီအစဉ်ဖြင့် ရောင်းချပေးမည်

စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်
စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန
စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
(ပြည်တွင်းထုတ် ဝါကြိတ်စက် (ဂျင်ခုံ) များ ဝယ်ယူနိုင်ရေးကိစ္စ)

**လုပ်ငန်းရှင်များနှင့် တောင်သူများအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း**

ပြည်တွင်းမှထွက်ရှိသည့် ဝါများအား အပြည့်အဝကြိတ်ခွဲနိုင်ရန်နှင့် တောင်သူများအနေဖြင့် စိုက်ပျိုးထွက်ရှိသည့် ဝါများအား တစ်ပိုင်တစ်နိုင်ကြိတ်ခွဲခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်တို့အတွက် ပြည်တွင်းမှထုတ်လုပ်ထားရှိသည့် ဝါကြိတ်စက်များအား အထူးချေးငွေအစီအစဉ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

အသေးစိတ်သိရှိလိုပါက

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊
ဖုန်း- ၀၆၇-၃၄၀၈၃၉၅ ၊ ၀၉-၄၀၁၂၂၄၉၉၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးအပ်ပါသည်။

# စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရန် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် တိုက်တွန်းမှာကြား

**ကန့်ဘလူ ဩဂုတ် ၅**

ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ စားရေရိက္ခာဖူလုံပိုလျှံစေရေးအတွက် မြေယာပေါများခြင်းကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်နိုင်ရန် အားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် လိုကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေးက ဩဂုတ် ၃ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ကန့်ဘလူခရိုင်စုပေါင်းရုံး ရွှေဆည်မြိုင်ခန်းမ၌ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ မြို့မိ၊ မြို့ဖများနှင့်တွေ့ဆုံစဉ် တိုက်တွန်းမှာကြားသည်။

ထိုသို့ တွေ့ဆုံစဉ် ကန့်ဘလူမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေး၊ လိုအပ်ချက်နှင့် ဖြည့်ဆည်းပေးနိုင်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ ဝိုင်းဝန်းဆွေးနွေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့အား ဆိုလာပြားနှင့်ဆက်စပ်ပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိ၊ မြို့ဖများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

၀-၀-၀-၀-၀

# ဝါလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေအဆိုပြုလွှာများ ပေးပို့လျှောက်ထားနိုင်

စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်
စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန
စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
(ချေးငွေအဆိုပြုလွှာများ လျှောက်ထားခြင်းကိစ္စ)

**ဝါလုပ်ငန်းရှင်များအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း**

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး (MSME) ရန်ပုံငွေမှ ချေးငွေများထုတ်ချေးပေးလျက်ရှိရာ ပြည်တွင်းရှိ ဝါလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝါစေ့ဆီထုတ်စက်များ၊ ချည်မျှင်ထုတ်လုပ်မည့်စက်များ တည်ထောင်ရန်နှင့် တိုးချဲ့တပ်ဆင်နိုင်ရန် ချေးငွေများ လျှောက်ထားနိုင်ပါကြောင်းနှင့် ချေးငွေအဆိုပြုလွှာများကို ပြည်ထောင်စုနယ်မြေ (နေပြည်တော်)/ တိုင်းဒေသကြီး/ ပြည်နယ် MSME အေဂျင်စီရုံးများသို့ ပေးပို့လျှောက်ထားနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

အသေးစိတ်သိရှိလိုပါက

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန (ရုံးချုပ်) ၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊
ဖုန်း- ၀၆၇-၃၄၀၈၃၉၅၊ ၀၉-၄၀၁၂၂၄၉၉၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးအပ်ပါသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၅

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ၂၀၂၆ ခုနှစ် ဩဂုတ် ၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Chit Moe Khant" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၅၁)ရပ်ကွက်နေ ချစ်မိုးခန့်အား ညနေ ၅ နာရီ မိနစ် ၄၀ တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

☆ စာမျက်နှာ ၂၄ မှ

ကတည်းက ကြိုးပမ်းခဲ့ခြင်းဖြစ် ပြီး လက်ရှိအချိန်မှသာ သဘောတူညီမှု ရယူလာနိုင်ခြင်းဖြစ်သည်။

အသက်(၂၈)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် လာမည့်ရက်ပိုင်းအတွင်း အာဆင်နယ်အသင်းသို့ လာရောက်ပူးပေါင်းကာ ၂၀၃၁ခုနှစ်အထိ စာချုပ် ချုပ်ဆိုသွားမည်ဖြစ်သည်။

ကွင်းလယ်ကစားသမား ဂီမာရေ့စ်သည် နယူးကာဆယ် အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၉၅ပွဲကစားပြီး ၃၁ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်း ကြောင့် အာဆင်နယ်အသင်းက ခေါ်ယူလာခြင်းဖြစ်သည်။

**(NGB)**

0-0-0-0-0

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ဦးဆောင်ကျင်းပသည့် အမှိုက်စနစ်တကျစွန့်ပစ်ရေး ပညာပေးလုပ်ငန်းအစီအစဉ်(တတိယအကြိမ်) ကျင်းပ

**မန္တလေး ဩဂုတ် ၅**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ဦးဆောင်ကျင်းပသည့် အမှိုက်စနစ်တကျစွန့်ပစ်ရေး ပညာပေးလုပ်ငန်းအစီအစဉ်(တတိယအကြိမ်)ကို ယနေ့ မွန်းလွဲ ၁ နာရီက ချမ်းမြသာစည်မြို့နယ်၊ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)၊ အားကစားနှင့် ပညာရေးပေါင်းစပ်အထက်တန်းကျောင်းတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပြည်ကြီးတံခွန်မြို့နယ်ကိုယ်စားလှယ် ဦးတင်ထွန်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကော်မတီဝင်များ၊ ဌာနမှူးများ၊ မြို့တော်စည်ပင်သန့်ရှင်းရေးဌာနမှ ဝန်ထမ်းများ အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)ကျောင်းအုပ်ကြီး ဦးမြင့်နိုင်၊ ဒုတိယကျောင်းအုပ်ကြီး၊ နည်းပြများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ စုစုပေါင်းအင်အား ၃၅၀ ကျော် တက်ရောက်ကြသည်။

အစီအစဉ်အရ ကျောင်းလေ့ကျင့်ရေးခန်းမတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာန၊ ချမ်းမြသာစည်မြို့နယ်တာဝန်ခံ ဦးကျော်ဝင်းလှိုင်က အမှိုက်စနစ်တကျ စွန့်ပစ်ခြင်းကြောင့် ရရှိလာမည့် ကောင်းကျိုးများနှင့် အမှိုက်စနစ်တကျ မပစ်လျှင် ရရှိလာမည့် ဆိုးကျိုးများ၊ ပြည်သူလူထု ပူးပေါင်းပါဝင်သော အမှိုက်စနစ်တကျစွန့်ပစ်ခြင်းဆိုင်ရာများ၊ အမှိုက်စွန့်ပစ်မှုနှင့် ပတ်သက်၍ ပညာပေးအစီအစဉ်များကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် အားကစားနှင့် ကာယပညာသိပ္ပံကျောင်းရှေ့ မြက်ခင်းပြင်၌ မြို့တော်စည်ပင်ဝန်ထမ်း အမျိုးသမီးငယ်လေးများက အမှိုက်စနစ်တကျ စွန့်ပစ်ရေးနှင့် အမှိုက်ခွဲခြားစွန့်ပစ်ခြင်း အလေ့အကျင့်ကောင်းများရရှိလာနိုင်စေရန် တေးသရုပ်ဖော်အကများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့သည်။

ထို့နောက် နိုင်ငံကျော် ဇာတ်မင်းသား အောင်ဇမ္ဗူနှင့် ရုပ်ရှင်မင်းသမီး အကယ်ဒမီ မယ်လိုဒီ၊ တေးသံရှင် ခိုင်ဇင်လင်းနှင့် ယွန်းမိတို့က တေးသီချင်းများဖြင့် ဧည့်ခံဖျော်ဖြေခဲ့ကြသည်။



ဆက်လက်၍ ညနေပိုင်းတွင် မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ၆၂ လမ်းနှင့် ၄၁ လမ်းထောင့်၊ မနော်ရမ္မညဈေးတွင် အမှိုက်စနစ်တကျစွန့်ပစ်ရေးနှင့် အမှိုက်ခွဲခြားစွန့်ပစ်ခြင်းဆိုင်ရာပညာပေးလုပ်ငန်း အစီအစဉ်များအဖြစ် လက်ကမ်းစာစောင်များ ဝေငှခြင်း၊ တေးသရုပ်ဖော်အကများ၊ တေးသံရှင်များက ဖျော်ဖြေတင်ဆက်ခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ပညာပေးအစီအစဉ်များ ဆောင်ရွက်ရာနေရာများသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဦးခင်မောင်အေးက တက်ရောက်ပါဝင်အားပေးခဲ့ပြီး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ဦးဆောင်ပြုလုပ်လျက်ရှိသော အမှိုက်စနစ်တကျစွန့်ပစ်ရေး ပညာပေးလုပ်ငန်းအစီအစဉ်ကို ၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၂၁ ရက်အထိ အပတ်စဉ် အင်္ဂါနေ့တိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀



## အိမ်ထောင်စုတစ်စုလျှင် စားအုန်းဆီ နှစ်ပိဿာငါးဆယ်သား တိုးမြှင့်ရောင်းချပေး

**အမရပူရ ဩဂုတ် ၅**

မန္တလေး၊ အမရပူရမြို့နယ်၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ ပြည်သူများ စားအုန်းဆီ ဝယ်ယူရာ၌ သက်သာချောင်ချိရေးအတွက် အိမ်ထောင်စုတစ်စုလျှင် စားအုန်းဆီ နှစ်ပိဿာငါးဆယ်ကျပ်သားနှုန်းဖြင့် ဩဂုတ် ၁ ရက်မှစတင်၍ တိုးမြှင့်ရောင်းချပေးလျက်ရှိသည်။

စားအုန်းဆီများ ဖြန့်ဖြူးရောင်းချပေးရာတွင် စားသုံးသူပြည်သူများ အလေးချိန်မှန်မှန်ကန်ကန် ရရှိရေး၊ သတ်မှတ်ဈေးနှုန်းအတိုင်း ရရှိရေးအတွက် မိမိတို့စားသုံးသူရေးရာဦးစီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ တာဝန်ခံများ၊ စားအုန်းဆီလက်ကားကိုယ်စားလှယ်များပူးပေါင်း၍ အိုးတော်ရပ်ကွက်ရှိ ပြည်သူများ၏ အိမ်ထောင်စုအလိုက် စားအုန်းဆီဝယ်ယူခွင့်စာအုပ်အဟောင်းများကို အသစ်များလဲလှယ်ပေးခြင်း၊ စားအုန်းဆီဝယ်ယူခွင့်စာအုပ် မရှိသေးသူများအား အိမ်ထောင်စုဇယား မိတ္တူ၊ မှတ်ပုံတင်မိတ္တူအထောက်အထားများနှင့် စာအုပ်အသစ်များ ပြုလုပ်ပေးခဲ့ကြောင်း စားသုံးသူရေးရာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အိအိထွေးက ပြောသည်။

ထိုသို့ ရောင်းချရာ၌ ရည်ညွှန်းဈေး စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၈၅၄၀ ဖြင့် စားအုန်းဆီလက်ကားကိုယ်စားလှယ် ဒေါ်လုထွယ် ဆီရောင်းဝယ်ရေးနှင့် လက်လီအရောင်းဆိုင်ဖြစ်သည့် ရှင်းရှင်းဆီရောင်းဝယ်ရေးတို့မှ အိုးတော်ရပ်ကွက်၊ တမာကုန်းရပ်ကွက်နှင့် ယက္ကန်းတော်ရပ်ကွက်များရှိ အိမ်ထောင်စု ၁၃၀ အတွက် စားအုန်းဆီ ၃၂၅ ပိဿာရောင်းချပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**လှဲလှဲခိုင်(အမရပူရ)**

## အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဆည်)၌ ဖူဆယ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ကျောက်ဆည် ဩဂုတ် ၅**

မန္တလေးတိုင်းဒေသကြီး၊ အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဆည်)၌ ကျောင်းသား၊ ကျောင်းသားများအား ကျန်းမာကြံ့ခိုင်သော လူငယ်များဖြစ်လာစေရန်၊ ကျောင်းသား၊ ကျောင်းသူအချင်းချင်း စည်းလုံးညီညွတ်မှု ရရှိစေရန်နှင့် အသင်းအဖွဲ့စိတ်ဓာတ်မြင့်မားလာစေရန်ရည်ရွယ်၍ ဩဂုတ် ၂ ရက် နံနက်ပိုင်းက မိုးရာသီ ဘာသာရပ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ဖူဆယ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ ကျင်းပခဲ့သည်။

အဆိုပါဖွင့်ပွဲကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးစိုးထွန်း၊ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးဇော်ဟိန်းအောင်၊ အဖွဲ့ဝင် ဦးအောင်သူ၊ အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဆည်)မှ ဒေါက်တာခင်မောင်ချင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌက အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ကြောင်း၊ အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဆည်) ၏ မိုးရာသီဘာသာရပ်ပေါင်းစုံ အားကစားပြိုင်ပွဲမှ တစ်ဆင့် ထူးချွန်ထက်မြက်ပြီး ကျန်းမာကြံ့ခိုင်သော အနာဂတ်နည်းပညာရှင် လူငယ်ကောင်းများစွာ ပေါ်ထွက်လာစေကြောင်း အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင် အားကစားသမားများအား အားပေးစကားပြောကြားခဲ့သည်။ ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန် လေးချက် ရွတ်ဆို၍ ကျောင်းသား၊ ကျောင်းသူများက ဆင်အကနှင့် ပန်းပွားအကများဖြင့် ဧည့်ခံဖျော်ဖြေခဲ့ပြီး ဖူဆယ်ဘောလုံးပြိုင်ပွဲကို စတင်ကျင်းပခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

**(၄၈၅)**



## တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုပေးပွဲ ကျင်းပ

**လဲချား ဩဂုတ် ၅**

လဲချားမြို့နယ် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုပေးပွဲကို ဩဂုတ် ၃ ရက် နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်း အ·ထ·က လဲချား ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းအက်စ်ကီးမိုး၊ လဲချားမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နိုင်အောင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများ တတ်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ အ·ထ·က လဲချား Grade-8 ကျောင်းသား၊ ကျောင်းသူလေးများက မြန်မာ့ကျောင်းသီချင်းဖြင့် အခမ်းအနားအား စတင်ဖွင့်လှစ်ခဲ့သည်။ ဆက်လက်၍ အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားသည်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ဂုဏ်ပြုအမှာစကားပြောကြားခဲ့ပြီး ပညာရေးမှူး ဒေါ်ဝင်းမာလှိုင်က ဆုပေးပွဲကျင်းပရခြင်း အကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ဂုဏ်ပြုဆုပေးပွဲကိုကျင်းပရာ လဲချားမြို့နယ်အတွင်းမှ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြပြီး အ·ထ·က လဲချား Grade-8 ကျောင်းသား၊ ကျောင်းသူလေးများက ဇာတိမာန်သီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ



## Xiao Zhan ၏ ဂုဏ်သိက္ခာထိန်းသိမ်းထားမှု ကြီးမားစွာ ပေးဆပ်ရ

တရုတ်အနုပညာလောကတွင် ကြယ်တစ်ပွင့်အဖြစ် တောက်ပစွာ ရပ်တည်နေသော ရှောင်ကျန့်သည် ဂုဏ်သိက္ခာထိန်းသိမ်းထားမှုအတွက် ကြီးမားစွာ ပေးဆပ်ခဲ့ရသူဖြစ်ကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

လွန်ခဲ့သော အနှစ် ၂၀ ကြာက သူ့အေဂျင်စီနှင့် စာချုပ်ရုပ်စဲမှုများကြောင့် အကြွေးပတ်လည်ဝိုင်းခဲ့ရပြီး ရာထောင်ချီ တိုက်ခိုက်ခံရမှုများကိုလည်း ပြန်လည်တိုက်ခိုက်ရန် အင်အားမဲ့နေကာ ပရိသတ်များ၏ ခိုင်မာသည့် ထောက်ခံချက်နှင့် ကိုယ်တိုင်ရှင်းလင်းချက်များပင် ကန့်သတ်ခံရမှုနှင့် ရင်ဆိုင်ခဲ့ရသည်။

ရှောင်ကျန့်က စီးပွားရေးထောက်ခံချက်တစ်ခုမှ လက်မခံဘဲ "ဂုဏ်သိက္ခာ" ဆိုသည့်စကားလုံးကို အောင်မြင်မှုရသည့်အချိန်တွင် အလှဆင်ပစ္စည်းများနှင့် အလှဆင်နိုင်ခဲ့သည်။ အခက်အခဲများကြား ဆန့်ကျင်မှု၊ ခေါင်းမာမှု၊ အနာဂတ်မသေချာမှုများနှင့် ရင်ဆိုင်ရချိန်တွင်ပင်မှု စိတ်ပိုင်းဖြတ်မှုနှင့် အပြစ်ကင်းစင်မှုကို ခိုင်မာသည့် ကတိကဝတ်များနှင့် ထင်ဟပ်စေနိုင်ခဲ့သူ ဖြစ်သည်။

(SKY)

## RM @ Kim Nam Joon ကို Museum of Korea ၏ တစ်ကမ္ဘာလုံးဆိုင်ရာ သံတမန်ခန့်အပ်



တောင်ကိုရီးယားနိုင်ငံသမိုင်းဝင် အမျိုးသားပြတိုက်မှ BTS အဖွဲ့ခေါင်းဆောင် အာရ်အမ်(ခေါ်)ကင်နမ်ဂျွန်းကို တစ်ကမ္ဘာလုံးဆိုင်ရာ သံတမန်အဖြစ် လွန်ခဲ့သောလက ခန့်အပ်ခဲ့ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အာရ်အမ်(ခေါ်)ကင်နမ်ဂျွန်းသည် ကိုရီးယားရိုးရာယဉ်ကျေးမှုနှင့် အနုပညာအပေါ် အချိန်ကြာမြင့်စွာ စိတ်ဝင်စားမှုရှိခဲ့ပြီး ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအတွက်လည်း အားပေးကူညီခဲ့သောကြောင့် ယခုကဲ့သို့ ထိုက်ထိုက်တန်တန် ခန့်အပ်ခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူက ပြောကြားခဲ့သည်။ အာရ်အမ်(ခေါ်)ကင်နမ်ဂျွန်းသည် အနုပညာလက်ရာများ စုဆောင်းခဲ့သည်။

၂၀၂၁-၂၀၂၂ ခုနှစ်တွင် Overseas Korean Cultural Heritage ဖောင်ဒေးရှင်းသို့ ဝမ်သန်း ၁၀၀ လှူဒါန်းခဲ့ပြီး နိုင်ငံခြားရှိ ကိုရီးယားယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းခြင်းနှင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများအတွက် အထောက်အပံ့ဖြစ်ခဲ့သည့်အတွက်လည်း ပါဝင်ကြောင်း ထပ်မံပြောကြားခဲ့သည်။

(SKY)



## သက်ကြီးရွယ်အိုများ၏ နာကျင်မှုနှင့် စိတ်ဓာတ်ကျဆင်းမှုကို ပုံမှန် နေ့စဉ်လှုပ်ရှားမှုများပြုလုပ်ခြင်းဖြင့် လျှော့ချပေးနိုင်

အိပ်စက်ရခက်ခဲမှုနှင့် ကျန်းမာရေး၊ လူနေမှုဘဝ အရည်အသွေးတို့ ဆက်စပ်ပုံကို လေ့လာရန်အတွက် ပညာရေးနှင့် လူသားဖွံ့ဖြိုးတိုးတက်ရေးကောလိပ်မှ လက်ထောက်ကထိက အွန်ဂျင်ထရေစီ ဦးဆောင်သော သုတေသီများသည် သက်ကြီးရွယ်အို ၆၇ ဦးကို သုတေသနပြုခဲ့ရာ ၎င်းတို့အနက် ၃၇ ဦးမှာ အိပ်မပျော်သည့် ဝေဒနာခံစားနေရသူများ ဖြစ်ကြသည်။

ထိုသုတေသီများ မျှော်လင့်ထားသည့်အတိုင်းပင် အိပ်မပျော်သည့် သက်ကြီးရွယ်အိုများသည် ယေဘုယျအားဖြင့် နာကျင်မှု၊ ခံစားရမှု ပိုမိုများပြားပြီး စိတ်ဓာတ်ကျဆင်းသည့် လက္ခဏာများကို ပိုမိုပြင်းထန်စွာ ခံစားကြရသည်။

သို့ရာတွင် ၎င်းတို့၏ အိပ်စက်မှုအရည်အသွေး မည်သို့ပင်ရှိစေကာမူ နေ့စဉ် ပုံမှန် ပုံသေအတိုင်း လှုပ်ရှားသွားလာသည့် အလေ့အထကို ထိန်းသိမ်းထားသူများသည် နာကျင်မှုနှင့် စိတ်ဓာတ်ကျဆင်းမှုကို ခံစားရမှုနည်းပါးကြောင်း ဖော်ထုတ်တွေ့ရှိခဲ့သည်။

(SCI)

## Wang Yibo ၏ ဖက်ရှင်ကို နိုင်ငံတကာဖက်ရှင် အလှပညာရှင်က ချီးကျူး



နိုင်ငံတကာဖက်ရှင်အလှပညာရှင် လီယန်တောင်က အင်တာဗျူးတစ်ခုတွင် ဝမ်ရိဘို၏ ဖက်ရှင်စတိုင်လ်ကို ချီးကျူးစကားပြောကြားထားကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ချီးကျူးစကားတွင် ဝမ်ရိဘိုသည် UNIQ နှင့် ပွဲဦးထွက် လှုပ်ရှားမှုတွင် ပါဝင်ခဲ့စဉ်က ဦးညွှတ်၍ နှုတ်ဆက်လေ့ရှိပြီး ယဉ်ကျေးသိမ်မွေ့မှုနှင့် နှိမ့်ချမှုကို ပြသလေ့ရှိခြင်းမှာ မွေးရာပါ ကောင်းမွန်သည့် အမူအကျင့်ဖြစ်ကြောင်း ပရော်ဖက်ရှင်နယ်ရှုထောင့်မှ ကြည့်လျှင် သူ၏ အရိုးဖွဲ့စည်းပုံမှာ ထူးခြားပြီး ဖျော်ဖြေရေးလောကတွင် ပုံတူကူးရန် ခက်ခဲကြောင်း၊ သူ၏ အကကျွမ်းကျင်မှုမှာ သူ၏ ဝိညာဉ်ကို ဖော်ပြထားပြီး အရိုးထဲတွင် စိတ်အားထက်သန်မှုကို မြင်တွေ့ရကြောင်း၊ ပို၍ ထူးခြားချက်မှာ တည်ငြိမ်၍ ခိုင်မာသည့် တိုးတက်မှုကို ခြေလှမ်းတိုင်း လက်တွေ့ဘဝနှင့် အခြေခံထားပြသနိုင်ခဲ့ကြောင်းတို့ကို ပြောကြားထားသည်။

ဝမ်ရိဘိုသည် အခန်းကဏ္ဍအမျိုးမျိုးတွင် မတူညီသည့် စိတ်ခံစားမှုများနှင့် ကြိုးစားခဲ့ပြီး မြင့်မားသည့် စံနှုန်းများ ချန်ရစ်ထားကာ ဖက်ရှင်လောကတွင်ပင် ဘုရင်တစ်ဆူအဖြစ် မြင်တွေ့ခဲ့ရကြောင်း ထပ်မံချီးကျူးဂုဏ်ပြုထားသည်။

(SKY)

## The Mermaid @ Intercross ရုပ်ရှင်ကား ပူးတွဲထုတ်လုပ်

ရုပ်ရှင်ဇာတ်ကားကြီး The Mermaid @ Intercross ကို ပူးတွဲထုတ်လုပ်ထားရာ နိုင်ငံခြားသားပိုင်လုပ်ငန်းများနှင့်အတူ ဇာတ်ညွှန်းရေးဆရာ ချောင်အာက ရိုက်ကူးမှုကို အတည်ပြုထားကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားကြီးတွင် Greater Khingan တောင်တန်းအလယ်ဗဟိုနေရာကမ္ဘာနှင့် ဝေးကွာနေသော လူငယ်တစ်ဦး၏ ပျော်ရွှင်မှုနှင့် ဝမ်းနည်းမှုများ၊ ထူးခြားသော ရေသူမ သရုပ်ဆောင်များနှင့် စတင်ထားသည်။

ဂျပန်နိုင်ငံ အနုပညာလေ့လာနေသော တက္ကသိုလ်ကျောင်းသူတစ်ဦးနှင့် မတူညီသောကမ္ဘာများမှ ထပ်တူကျနေသော ဘဝများအကြောင်း ပုံဖော်ထားရာ ဟန်ချိုင်း၊ ဗီယက်နမ်၊ သက်လတ်ပိုင်း အမျိုးသား၏ ရိုးရာဆန်သော မျက်နှာစာအောက်မှ လျှို့ဝှက်ဘဝ၊ ဟောင်ကောင်မိသားစုတစ်စုမှ ရုန်းကန်မှုနှင့် လွတ်မြောက်ရန် ကြိုးပမ်းမှုများနှင့် ထပ်တူကျဘဝများကို ပုံဖော်ထားသည်။

ဒေသအများအပြားမှ ဇာတ်ကောင်များ၏ ရောယှက်နေသော ကံကြမ္မာများကို ချိတ်ဆက်ထားပြီး ထုတ်လုပ်ရေးကုမ္ပဏီသုံးခု ပူးပေါင်းထားကာ ပူးတွဲထုတ်လုပ်ရေး ပြုလုပ်ထားသည်။

(SKY)

## RM က ခေါင်းဆောင်ကောင်းတစ်ဦးအကြောင်း ရင်ဖွင့်

BTS အဖွဲ့ခေါင်းဆောင် အာရ်အမ်(ခေါ်)ကင်နမ်ဂျွန်းက ခေါင်းဆောင်ကောင်းတစ်ဦးဆိုသည်မှာကို ရင်ဖွင့်ပြောကြားထားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အာရ်အမ်က "ခေါင်းဆောင်ကောင်းတစ်ယောက်ဆိုသည်မှာ အဆိုးနှင့် ကြုံလျှင် ရှေ့မှရပ်ပေးပြီး အကောင်းဆုံးအချိန်တွင် နောက်မှ ရပ်၍ ပီတိဝေနေသည့်သူမျိုး" ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

အာရ်အမ်သည် အိုင်ကျူ ၁၄၈ နှင့် ပညာတော်သော်လည်း ဂီတကို မြတ်နိုးခဲ့ရာမှ BTS အဖွဲ့ခေါင်းဆောင်ဖြစ်လာပြီး အမိန့်ပေးရသူဟု ထင်ခဲ့သော်လည်း "ဆိုဖာပေါ် သက်သောင့်သက်သာ လှဲနေချိန် လေအေးများတိုက်လာပါက ထပြီး တံခါးပိတ်ပေးရသည့် (အဖွဲ့လိုအပ်ချိန်တိုင်း ကာကွယ်ပေးရသူမျိုး) ဖြစ်ခဲ့ရပြီး အဖွဲ့ဝင်ခုနစ်ဦးနှင့်အတူ ဘဝကို သက်တမ်းတစ်ဝက်ကျော် ၁၅ နှစ် ကုန်ဆုံးခဲ့သည်ဟု ဆိုသည်။

(SKY)



0 - 0 - 0 - 0 - 0 - 0 - 0

## Jimin ၏ Dior ပွဲတက်ဖက်ရှင်များ ရှားပါးပြီး တန်ဖိုးကြီးမား



ကေပေါ့ပ်စတား၊ BTS အဖွဲ့ဝင် ဂျီမင်သည် Dior ၏ သြဇာအရှိဆုံး ကမ္ဘာ့သံတမန်တစ်ဦးအဖြစ် ဖက်ရှင်ရှိုးပွဲ ရှေ့ဆုံးတန်းတွင် ပွဲတက်ဖက်ရှင်များ ရှားပါးပြီး တန်ဖိုးကြီးဝတ်စုံနှင့် နေရာယူခဲ့ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ပွဲတက်ဖက်ရှင်ဝတ်စုံမှာ သမိုင်းဝင်အငွေ့အသက်များနှင့် အစဉ်အလာ သမိုင်းကြောင်းကို Dior ၏ ဆန်းသစ်သော အမြင်များ ပေါင်းစပ်ထားကာ Dior Homme (အမျိုးသားဝတ်)ဖက်ရှင်ရှိုးပွဲတွင် တောက်ပခဲ့သည့်အပြင် ဆွဲဆောင်မှုရှိခဲ့သည်။

အပြာရောင် ကတ္တီပါကုတ်အင်္ကျီသည် ခါးအောက်ပိုင်းထိ ရှည်လျား၍ ရွှေရောင်အရွက်နွယ်ပုံစံ ဒီဇိုင်းဖော်ထားကာ Mark Wallis Collection မှ ၁၇၇၅ ခုနှစ်ထုတ် ဖက်ရှင်နမူနာယူထားပြီး ၁၈ ရာစု ပုံတူဖြစ်ကာ နှစ်ပေါင်း ၂၅၀ သက်တမ်းရှိ Archival Piece တစ်ခုဖြစ်၍ ရှားပါးပြီး တန်ဖိုးကြီးသော သမိုင်းဝင်ဖက်ရှင်ဖြစ်ခဲ့သည်။

(SKY)

# အိန္ဒိယအခြေစိုက် ယူပီအိုင်ငွေလွှဲစနစ်မှတစ်ဆင့် ဇူလိုင်လအတွင်း ရူပီး ၂၉၉ ထရီလီယံ လွှဲပေးခဲ့




**နယူးဒေလီ ဩဂုတ် ၅**

အိန္ဒိယနိုင်ငံ၏ ငွေပေးချေမှုဆိုင်ရာ ဥပဒေပြင်ဆင်ချက်များကို ဩဂုတ် ၄ ရက်က လွှတ်တော်သို့ တင်သွင်းခဲ့ပြီးနောက် လူကြိုက်များသော ယူနီဖိုဒ်ပေးမန့်စ် အင်တာဖေ့စ်(ယူပီအိုင်)မှတစ်ဆင့် ငွေလွှဲပြောင်းမှုများအပေါ် ကုန်သည်ဝန်ဆောင်ခများ ပြန်လည်ကောက်ခံနိုင်ရေးအတွက် ခြေလှမ်းတစ်လှမ်း ပိုမိုနီးစပ်လာကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ကမ္ဘာ့အကြီးဆုံး တိုက်ရိုက်ငွေပေးချေမှု ကွန်ရက်များအနက် တစ်ခုဖြစ်သည့် ယူပီအိုင်သည် ဇူလိုင်လအတွင်း ရူပီး ၂၉ ဒသမ ၉ ထရီလီယံ (အမေရိကန်ဒေါ်လာ ၃၃၃ ဒသမ ၅ ဘီလီယံ) တန်ဖိုးရှိ ငွေလွှဲပြောင်းမှု ပမာဏ ၃၅ ဒသမ ၆ ဘီလီယံကို ဆောင်ရွက်ပေးခဲ့သည်။

ငွေပေးချေမှုဆိုင်ရာ ကုမ္ပဏီများသည် ယူပီအိုင်ငွေလွှဲစနစ်မှ ဝန်ဆောင်ခရရှိခြင်းမရှိသည့်အတွက် ဒစ်ဂျစ်တယ်စနစ် တိုးတက်မှုကို ဆက်လက်ထိန်းသိမ်းရန် ခက်ခဲလာပြီး ဒစ်ဂျစ်တယ်စနစ်အတွင်း ပြန်လည်ရင်းနှီးမြှုပ်နှံနိုင်စွမ်းကိုလည်း အကန့်အသတ်ဖြစ်စေကြောင်း သိရသည်။

Mon

0-0-0-0-0

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ



# ဝန်ဆောင်မှုတန်ဖိုးတိုးတက်မှုနှုန်း ၁၁ ရာခိုင်နှုန်းကျော် ရရှိရန် ဗီယက်နမ်နိုင်ငံအနေဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိ

**ဟနွိုင်း ဩဂုတ် ၅**

ဗီယက်နမ်နိုင်ငံအနေဖြင့် ၂၀၂၆ ခုနှစ်တွင် ဒေသတွင်း စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတိုးတက်မှုနှုန်း ၁၁ ရာခိုင်နှုန်းကျော် ရရှိရန် ရည်မှန်းထားစဉ် ဘဏ္ဍာရေးစည်းကမ်း ပိုမိုတင်းကြပ်ရေးနှင့် လေလွင့်ဖြုန်းတီးမှုများ ပပျောက်ရေးကို အရှိန်ဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါ စီမံကိန်းအရ တစ်ဦးကျ ဂျီဒီပီ ပျမ်းမျှဝင်ငွေကို တစ်နှစ်လျှင် ဗီယက်နမ်ဒေါင် ၁၉၈ သန်း (အမေရိကန်ဒေါ်လာ ၇၆၀၀) အထိရရှိရန် သတ်မှတ်ထားပြီး အစိုးရ၏ ဘတ်ဂျက်ဝင်ငွေကိုလည်း ဗီယက်နမ်ဒေါင် ၅၄၆ ဒသမ ၉၃ ထရီလီယံခန့် ရရှိရန် ခန့်မှန်းထားသည်။

တစ်ချိန်တည်းမှာပင် အဆိုပါမြို့တော်သည် ၎င်း၏ အဖွဲ့အစည်းဆိုင်ရာ မူဘောင်များကို ပြုပြင်မွမ်းမံလျက်ရှိပြီး နှစ် ၁၀၀ မျှော်မှန်းချက်ပါဝင်သော မြို့တော်ပင်မစီမံကိန်းကိုလည်း ရေးဆွဲပြင်ဆင်လျက်ရှိကြောင်း သိရသည်။

Mon

0-0-0-0-0

# စပေ့စ်အိတ်ခ်စ်ဒုံးပျံမှ ကျောင်းကားအရွယ် အပိုင်းအစတစ်ခု လမျက်နှာပြင်ပေါ် ပျက်ကျပြီး ကျင်းသစ်တစ်ခု ဖြစ်ပေါ်စေခဲ့

**ဝါရှင်တန် ဩဂုတ် ၅**

စပေ့စ်အိတ်ခ်စ်ဒုံးပျံမှ ကျန်ရှိသော ကျောင်းကားအရွယ် အစားရှိ အလေးချိန် လေးတန်လေးလံသည့် အပိုင်းအစတစ်ခုသည် လမျက်နှာပြင်ပေါ်သို့ ပျက်ကျသွားခဲ့ပြီး လမျက်နှာပြင်တွင် ကျင်းသစ်တစ်ခု ဖြစ်ပေါ်စေခဲ့ကာ သိပ္ပံပညာရှင်များအတွက် အရှိန်ပြင်းထန်သော အာကာသရိုက်ခတ်မှုများကို လေ့လာနိုင်မည့် ကြုံတောင်ကြုံခဲ အခွင့်အလမ်းတစ်ခုရရှိစေခဲ့ကြောင်း သိရသည်။

၂၀၂၅ ခုနှစ် အစောပိုင်းတွင် လွှတ်တင်ခဲ့သည့် ဖဲလ်ကွန် နိုင်းဒုံးပျံ၏ ဒုတိယအဆင့် အစိတ်အပိုင်းဖြစ်သော ထိုပစ္စည်းသည် ယမန်နေ့နံနက်ပိုင်းက အိုင်းစတိုင်းကျင်းအနီးသို့ တစ်နာရီလျှင် ၈၇၀၀ ကီလိုမီတာ (မိုင် ၅၄၀၀) နှုန်းဖြင့် ဝင်ဆောင့်ခဲ့ကြောင်း အာကာသစောင့်ကြည့်ရေး အေဂျင်စီများက အတည်ပြုသည်။

ထိုပျက်ကျမှုသည် တီအင်န်တီ ယမ်းဘီလူး သုံးတန်ခန့် ပေါက်ကွဲသည့် ပြင်းအားဖြင့် လမျက်နှာပြင်ကို ထိမှန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Mon

0-0-0-0-0



# ဇူလိုင်လမှစ၍ဖြစ်ပွားသော မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အိန္ဒိယနိုင်ငံတစ်ဝှမ်း ရေကြီးရေလျှံမှု၊ မြေပြိုမှုများဖြစ်ပွားခဲ့

**နယူးဒေလီ ဩဂုတ် ၅**

ဇူလိုင်လမှစ၍ဖြစ်ပွားသော မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အိန္ဒိယနိုင်ငံတစ်ဝှမ်းတွင် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများဖြစ်ပွားခဲ့ရာ လူပေါင်း ၁၀၀ ထက်မနည်း သေဆုံးခဲ့ပြီး ထောင်ပေါင်းများစွာသော လူထုမှာလည်း ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ကြရကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

နှစ်စဉ်ကျရောက်သည့် မိုးရာသီသည် တောင်သူလယ်သမားများ မှီခိုအားထားရသည့် မိုးရေချိန်ကို ဆောင်ကြဉ်းပေးသော်လည်း ရာသီဥတုပြောင်းလဲမှုကြောင့် တောင်အာရှဒေသတစ်ခုလုံးတွင် မိုးရွာသွန်းမှု ပုံစံများမှာ ပိုမိုမှန်းဆရခက်ခဲပြီး အန္တရာယ်ကြီးမားလာကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အိန္ဒိယနိုင်ငံ မြောက်ပိုင်း အာသံပြည်နယ်သည် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ထိခိုက်ပျက်စီးမှု အများဆုံး ဒေသများအနက် တစ်ခုဖြစ်ပြီး အနည်းဆုံးလူ ၈၇ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

Mon

STOP AIDS




# အအေးစိုင်စတော့ရှယ်ယာများအပေါ် အခြေပြုကာ နိုင်ရိုဘီစတော့အိတ်ချိန်း၌ ရန်ပုံငွေ ဖန်တီးလျက်ရှိ

**နိုင်ရိုဘီ ဩဂုတ် ၅**

ကင်ညာနိုင်ငံ နိုင်ရိုဘီစတော့အိတ်ချိန်းသည် အရှေ့အာဖရိက၏ ပထမဆုံးသော အအေးစိုင်စတော့ရှယ်ယာများအပေါ် အခြေပြုသည့် အစုရှယ်ယာရောင်းဝယ်ရေး ရန်ပုံငွေကို ဖန်တီး လျက်ရှိပြီး ယခုနှစ်မကုန်မီရင်းနှီးမြှုပ်နှံသူများထံ ရောင်းချပေးရန် စီစဉ်နေကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

နာရိုဘီစတော့ဈေးကွက်သည် အမြတ်အစွန်းများသည့် ဘဏ်လုပ်ငန်းကဏ္ဍနှင့် ဆာဖာရီကွန် ဆက်သွယ်ရေးအော်ပရေတာတို့ကြောင့် ပြည်ပအစုရှယ်ယာရင်းနှီးမြှုပ်နှံသူ အများအပြားကို ဆွဲဆောင်နိုင်သော်လည်း လက်ရှိတွင် အအေးစိုင်စတော့ရှယ်ယာများတွင် ရင်းနှီးမြှုပ်နှံနိုင်ခွင့်နည်းပါးနေသေးသည်။

ဈေးကွက်အတွင်းသို့ အအေးစိုင်နှင့် တိုက်ရိုက်ဆက်စပ်မှုရှိသော ကုမ္ပဏီများ၏ စတော့ရှယ်ယာအစုအဝေး အခြေပြုထုတ်ကုန်တစ်ခုကို မိတ်ဆက်ပေးနိုင်ရန် အဓိကရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။ Mon

# ထိုင်းနိုင်ငံတောင်ပိုင်း ဘောလုံးကွင်းတစ်ကွင်း မိုးကြိုးထိမှန် ဘောလုံးသမားတစ်ဦး သေဆုံး၊ အခြား ၁၂ ဦး ဒဏ်ရာရရှိ

**ဘန်ကောက် ဩဂုတ် ၅**

ထိုင်းနိုင်ငံတောင်ပိုင်း နာရာသီဝပ်ပြည်နယ် စူငိုင်ဂိုလို့ခ်မြို့ရှိ ဘောလုံးကွင်းတစ်ကွင်း၌ ဩဂုတ် ၄ ရက် ညနေပိုင်းတွင် မိုးကြိုးထိမှန်ခဲ့မှုကြောင့် ထိုင်းဘောလုံးသမားတစ်ဦး သေဆုံးခဲ့ပြီး မလေးရှားကစားသမားတစ်ဦးအပါအဝင် အခြား ၁၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

စန်တီဖပ်ဟုအမည်ရသော ထိုအားကစားကွင်းတွင် ကျင်းပသည့် ဒေသတွင်း ဂိုလို့ခ်ဖလားဘောလုံးပြိုင်ပွဲ၏ ဆီးမီးဖိုင်နယ်ပွဲစဉ်အတွင်း မိုးသည်းထန်စွာရွာသွန်းနေစဉ် ဒေသစံတော်ချိန် ညနေ ၅ နာရီခွဲခန့်၌ အဆိုပါဖြစ်စဉ် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း စူငိုင်ဂိုလို့ခ် မြို့နယ်ရဲတပ်ဖွဲ့မှူး ထွန်းသီရိခွန်းက ရှင်းလင်းပြောကြားသည်။

အဆိုပါပွဲစဉ်သည် အာဂူအက်စ်နောင်သီရင်အသင်းနှင့် ထိုင်းနှင့် မလေးရှားကစားသမားများ ပူးပေါင်းပါဝင်သည့် ဆမ်ခိုးလ် အသင်းတို့ ယှဉ်ပြိုင်သည့်ပွဲစဉ်ဖြစ်ပြီး ဂိုလို့ခ်ဖလားပြိုင်ပွဲတွင် ကလန်တန်အက်ဖ်စီ ကဲ့သို့သော မလေးရှားအသင်းများလည်း ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

Mon



## မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော




**မန္တလေး ဩဂုတ် ၅**

အခြေခံပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံး၊ ပြင်ဦးလွင် မြို့နယ်ပညာရေး ရုံးနှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါး သုံးစွဲမှုပပျောက်ရေးအသင်းခွဲ (ပြင်ဦးလွင်)တို့ ပူးပေါင်း၍ အရက်၊ ကွမ်း၊ ဆေး၊ မူးယစ်ဆေးဝါး အန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၄ ရက် နံနက်ပိုင်းက ပြင်ဦးလွင်မြို့ရှိ NPS ကိုယ်ပိုင် အထက်တန်းကျောင်းတွင် ကျင်းပခဲ့သည်။ **(ဝဲပုံ)**

ရှေးဦးစွာ ကျောင်းအုပ်ကြီးက အမှာစကားပြောကြားပြီးနောက် အသင်းဥက္ကဋ္ဌ ဦးစိုးနိုင်ဝင်းမြင့်နှင့် တာဝန်ရှိသူများ ဟောပြောပွဲကျင်းပရသည့် ရည်ရွယ်ချက်များ၊ မူးယစ်သမိုင်းကြောင်း၊ မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ် အကြောင်းတို့ကို ဟောပြောခဲ့ပြီး မေးခွန်းများ ဖြေဆိုနိုင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများကို အမှတ်တရလက်ဆောင်များ ချီးမြှင့်ခဲ့ကြောင်းနှင့် ကျောင်းသား၊ ကျောင်းသူများက မူးယစ်ဆေးဝါးမသုံးစွဲမိစေရန်အတွက် သန္နိဋ္ဌာန်ချတ်ဆိုခဲ့ကြကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၄)**



## ဟိုပုံး-လွိုင်ကော်ကားလမ်း၌ ရေကျော်မှုဖြစ်ပွားသဖြင့် ကူညီဆောင်ရွက်

**ဟိုပုံး ဩဂုတ် ၅**

ရှမ်းပြည်နယ်၊ ဟိုပုံးမြို့နယ်၊ ဟိုပုံး-လွိုင်ကော် ကားလမ်း၊ မိုင်တိုင်အမှတ် ၂၁၀ မိုင် ၀ ဖာလုံနှင့် ၁ ဖာလုံကြားတွင် ဩဂုတ် ၂ ရက် နံနက် ၈ နာရီခန့်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကားလမ်းမပေါ်သို့ အနက် ၂ ပေခန့် ရေကျော်နေကြောင်း သတင်းရရှိသဖြင့် ဟိုပုံးမြို့နယ် မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များသည် ခရီးသွားပြည်သူများ သွားလာရေး လွယ်ကူအဆင်ပြေစေရန် ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## စက်သုံးဆီအရောင်းဆိုင်လုပ်ငန်းနှင့် အိမ်သုံးဂက်စ်ပစ္စည်းအရောင်းဆိုင်လုပ်ငန်း ကွင်းဆင်းစစ်ဆေး

**တောင်တွင်းကြီး ဩဂုတ် ၅**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူး ဦးစောမောင် ဦးဆောင်၍ မီးသတ် တပ်ဖွဲ့ဝင်များသည် ယနေ့နံနက် ပိုင်းက တောင်တွင်းကြီးမြို့နယ် အတွင်း အသစ်ဖွင့်လှစ်လျက်ရှိသည့် နန်းထိုက်စံ စက်သုံးဆီ အရောင်းဆိုင်လုပ်ငန်းနှင့် 4-sun အိမ်သုံးဂက်စ်ပစ္စည်း အရောင်းဆိုင်လုပ်ငန်းအား Fire Safety Certificate (FSC) ထုတ်ပေးနိုင်ရေး ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါကွင်းဆင်းစစ်ဆေးရာတွင် မီးဘေးလုံခြုံရေးစစ်ဆေးထောက်ခံချက် (Fire Safety Certificate) ဆောင်ရွက်ပေးနိုင်ရေး မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ ဌာနချုပ်၏ သတ်မှတ်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းနှင့် ကိုက်ညီမှု ရှိ၊ မရှိ၊ လျှပ်စစ်အသုံးပြုရာတွင် သတိထားရမည့်အချက်များ၊ လောင်စာဆီနှင့်ဂက်စ်များ အသုံးပြုရာတွင် သတိပြုသင့်သည့်အချက်များ၊ မီးဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် မီးသတ်ဆေးဘူး၊ မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံး၊ ရေလှောင်ကန် ကြိုတင်ပြင်ဆင်ထားရှိစေရေး၊ မီးဘေးလုံခြုံရေးကိရိယာများ ကြံ့ခိုင်မှု ရှိ၊ မရှိ စစ်ဆေးခြင်း၊ ပစ္စည်းကိရိယာများ ကိုင်တွယ်အသုံးပြုတတ်စေရေး လက်တွေ့သရုပ်ပြသခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

**နောင်နောင်(မိဿနိုးမြေ)**



## မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

**မန္တလေး ဩဂုတ် ၅**

အခြေခံပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါး သုံးစွဲမှုပပျောက်ရေး အသင်း(ဗဟို) (AEDA-Mdy) တို့ ပူးပေါင်းကျင်းပသည့် မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ တက်နေလင်းကိုယ်ပိုင်အထက်တန်း ကျောင်းတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီးကိုယ်စား ဒေါ်ခင်မာရွှေက အမှာစကားပြောကြားပြီး အသင်းဒုဥက္ကဋ္ဌ ဦးဇော်ဦးက ဟောပြောပွဲကျင်းပရသည့် ရည်ရွယ်ချက်ကို ပြောကြားသည်။

မူးယစ်သမိုင်းကြောင်းကို ဒေါ်သင်းသင်းဦးက ဟောပြောပြီး အရက်ကွမ်းဆေးဥပဒ်ဘေး၊ မူးယစ်ဆေးဝါး ဆိုးကျိုးအန္တရာယ် အကြောင်းကို အတွင်းရေးမှူး ဦးမြင့်သန်းက ဟောပြောသည်။ ဆက်လက်၍ တွဲဖက်အတွင်းရေးမှူး ဦးသန့်ဇင်ဦးက လူငယ်နှင့် စိတ်ကြွရူးသွပ်ဆေးအကြောင်း ဟောပြောသည်။ ဘဏ္ဍာရေးမှူး ဒေါ်ခင်မေပိုင်က တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများအား မေးခွန်းမေးမြန်းပြီး ဖြေဆိုသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်သည်။

မူးယစ်ဆေးဝါးမသုံးစွဲရေးအတွက် သန္နိဋ္ဌာန်ချတ်ဆိုကြပြီး ကျောင်းဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ ဦးရေ ၃၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ဝ၇ဝ)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## မော်တော်ယာဉ်မှ ရပ်တန့်ထားသည့်တွဲယာဉ်အား ဝင်ရောက်တိုက်မိ၍ အမျိုးသားတစ်ဦး သေဆုံးပြီး နှစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**ပေါင် ဩဂုတ် ၅**

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၌ မော်တော်ယာဉ်မှ ရပ်တန့်ထားသည့် တွဲယာဉ်အား ဝင်ရောက်တိုက်မိ၍ အမျိုးသားတစ်ဦး သေဆုံးပြီး နှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင် မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ သိုးကျကျေးရွာ၊ ရန်ကုန်-မော်လမြိုင်သွားကားလမ်း၊ မိုင်တိုင်အမှတ် ၁၂၁ မိုင် ၅ ဖာလုံအနီး၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ မုတ္တမနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ သထုံမြို့မှ မော်လမြိုင်မြို့ဘက်သို့ မော်လမြိုင်မြို့နယ်၊ မြိုင်သာယာရပ်ကွက်နေ ဦးဇေယျာမျိုး(၄၀)နှစ်ဆိုသူ မောင်းနှင်ပြီး တစ်ရပ်ကွက်တည်းနေ ဦးမင်းဌေး(၅၄)နှစ်၊ ဒေါ်သိန်းထွေး(၄၅) နှစ်နှင့် ကော့လှာကျေးရွာနေ ဦးတင်ထွန်း(၅၆)နှစ်ဆိုသူတို့ လိုက်ပါလာသည့် SUZUKI ERTIGA မော်တော်ယာဉ်သည် အခင်းဖြစ်နေရာအရောက်၌ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်၊ ဆံတော်ပြည့်ရပ်ကွက်နေ ယာဉ်မောင်း ကိုဖြိုးဆက်အောင်(၂၆) နှစ်ဆိုသူ မောင်းနှင်သည့် DONGFENG တွဲယာဉ်အား ၄င်းမှ လမ်းယာဘက် လမ်းဘေးချ၍ ရပ်တန့်ပြီး ကားမိုးကာချည်နေစဉ် အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိ တိမ်းမှောက်ခဲ့သဖြင့် ကိုဖြိုးဆက်အောင်ဆိုသူတွင် ထိခိုက်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ပြီး ဦးဇေယျာမျိုးနှင့် ဦးတင်ထွန်းဆိုသူတို့တွင် ထိခိုက်ဒဏ်ရာများ အသီးသီးရရှိခဲ့သောကြောင့် ယာဉ်အား မဆင်မခြင် မောင်းနှင်သူ ဇေယျာမျိုးဆိုသူအား မုတ္တမနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(အောက်ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## လမ်းဘေးတွင် ရပ်တန့်ထားသည့်မော်တော်ယာဉ်အား အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိ၍ ဆိုင်ကယ်မောင်းနှင်သူ အမျိုးသားတစ်ဦး သေဆုံး

**ဘားအံ ဩဂုတ် ၅**

ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၌ လမ်းဘေးတွင် ရပ်တန့်ထားသည့် မော်တော်ယာဉ်အား အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိ၍ ဆိုင်ကယ်မောင်းနှင်သူ အမျိုးသားတစ်ဦး သေဆုံးခဲ့သည်။ **(ယာပုံ)**

ဖြစ်စဉ်မှာ ဩဂုတ် ၂ ရက် မွန်းလွဲ ၃ နာရီ ၁၀ မိနစ်တွင် ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ သာယာကုန်းကျေးရွာအနီး ဘားအံ-ကော့ကရိတ်သွား ကားလမ်းပေါ်၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ သာယာကုန်းရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ အိန္ဒူကျေးရွာမှ သာယာကုန်းကျေးရွာဘက်သို့ ဝဲကရင်ကျေးရွာနေ ဦးသိန်းအောင်(၅၂)နှစ် ဆိုသူ မောင်းနှင်လာသော HONDA မော်တော်ဆိုင်ကယ်သည် အခင်းဖြစ်နေရာအရောက်၌ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးတွင် ရပ်တန့်ထားသော MITSUBISHI STRADA မော်တော်ယာဉ်အား နောက်မှ ဝင်ရောက်တိုက်မိခဲ့သဖြင့် ဦးသိန်းအောင်ဆိုသူတွင် ထိခိုက်ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့သောကြောင့် ယာဉ်အား မဆင်မခြင် မောင်းနှင်သူအား အိန္ဒူနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့ပြီး ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆို

နေပြည်တော် ဩဂုတ် ၅

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအား၊ ညမနား စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍လည်းကောင်း၊ အတီး အမှုတ်၊ အကအခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# မြန်မာနိုင်ငံအတွင်း တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်နေသည့် ပြည်ပနိုင်ငံသား ၄၁ ဦးအား တာချီလိတ်မြို့နယ်အတွင်း ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၅

မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများ လုံးဝအခြေမပြုနိုင်စေရေးအတွက် အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို ပြည်တွင်းအင်အားစုများ၊ အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့် ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိသည့် အပြင် တရားမဝင် ပြည်နိုင်ငံသားများ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်အခြေချနေထိုင်ခြင်း မရှိစေရေးအတွက်လည်း အသေးစိတ်စစ်ဆေး ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့များသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မိုင်းဖုန်း(ခ)အုပ်စု ဝေ့လေလန်ပူးပေါင်းစစ်ဆေးရေးဂိတ်အနီး ရှောင်ကွင်းလမ်းအား ယနေ့ နံနက် ၄ နာရီခန့်တွင် ရှောင်တခင် စစ်ဆေးခဲ့ရာ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား အမျိုးသားနှစ်ဦးအား ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသည့် တရားမဝင် နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာသော တရုတ်နိုင်ငံသား အမျိုးသားနှစ်ဦးအား စစ်ဆေးမေးမြန်းချက်အရ ဝမ်ပုံကျေးရွာအနီးတွင် တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်၍ ခိုအောင်းနေထိုင်သော တရုတ်နိုင်ငံသားများ ရှိကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များသည် တရားမဝင်နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာသူများအား ဖော်ထုတ်ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်ခဲ့ရာ တာချီလိတ်မြို့နယ် ဝမ်ပုံကျေးရွာ၏ တောင်ဘက် မီတာ ၄၆၀၀ ခန့်အကွာတွင် တရုတ်နိုင်ငံသား အမျိုးသား ၁၉ ဦး၊ အမျိုးသမီးတစ်ဦးပေါင်း ၂၀ ကိုလည်းကောင်း၊ အဆိုပါနေရာ၏ အရှေ့မြောက်ဘက် မီတာ ၂၀၀၀ ခန့်အကွာတွင် တရုတ်နိုင်ငံသား အမျိုးသား ၁၉ ဦးအားလည်းကောင်း ထပ်မံဖမ်းဆီး ထိန်းသိမ်းနိုင်ခဲ့သဖြင့် တရုတ်နိုင်ငံသား အမျိုးသား ၄၀၊ အမျိုးသမီးတစ်ဦး စုစုပေါင်း ၄၁ ဦးအား ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။

ထိုသို့ မြန်မာနိုင်ငံအတွင်း တရားမဝင် နယ်စပ်ဖြတ်ကျော်၍ ဝင်ရောက်လာသော တရုတ်နိုင်ငံသား ၄၁ ဦးအား သက်ဆိုင်ရာ၌ ထိန်းသိမ်းထားရှိပြီး ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေပုဒ်မ ၃(၁)/ ၁၃(၁) အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

မြန်မာနိုင်ငံအတွင်း တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်နေသည့် ပြည်ပနိုင်ငံသား ၄၁ ဦးအား တာချီလိတ်မြို့နယ်အတွင်း ဖမ်းဆီးရမိမှုနေရာပြမြေပုံ။








တာချီလိတ်မြို့နယ်အတွင်း တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား အမျိုးသား ၄၀၊ အမျိုးသမီးတစ်ဦး စုစုပေါင်း ၄၁ ဦးအား ဖမ်းဆီးရမိမှု။

# မီးသတ်ဦးစီးဌာနမှ ရာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများဖြင့် အသင့်စုဖွဲ့ဆောင်ရွက်ထားရှိ



**မန္တလေး ဩဂုတ် ၅**

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မီးသတ်ဦးစီးဌာနမှ သဘာဝဘေးအန္တရာယ်များ ကာကွယ်နိုင်ရန် ရာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများဖြင့် အသင့်စုဖွဲ့များဖွဲ့စည်း၍ လေ့ကျင့်စုဖွဲ့ထားရှိကြောင်း သိရသည်။

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မီးသတ်စခန်း၌ သဘာဝဘေးအန္တရာယ်နှင့် ရေကြီးရေလျှံမှုများဖြစ်ပွားပေါ်ပေါက်လာပါက ရာဖွေကယ်ဆယ်ရေးလုပ်ငန်းများအား အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် ရာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များနှင့် ရာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများ အသင့်စုဖွဲ့များဖြင့် အသင့်ဆောင်ရွက်ထားရှိကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

**(ယာပုံ)**

**အောင်ဇော်မင်း**

၀-၀-၀-၀-၀




## နည်းပြ ဟာဗေးရီနာ့ဒ်ကို နည်းပြသစ်အဖြစ် ခန့်အပ်ရန် အိုင်ဗရီကို့စ်အသင်း ဆွေးနွေး



**လန်ဒန် ဩဂုတ် ၅**

အိုင်ဗရီကို့စ်အသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ ဟာဗေးရီနာ့ဒ်ကို ခန့်အပ်ရန် ဆွေးနွေးလျက်ရှိပြီဖြစ်သည်။

အသက်(၅၇)နှစ်အရွယ်ရှိ နည်းပြသည် နည်းပြ ဘဝတစ်လျှောက်တွင် ဆော်ဒီအာရေဗျ၊ တူနီးရှားစသည့် လက်ရွေးစင်အသင်းများအပြင် ကလပ်အသင်းများစွာကို ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် အိုင်ဗရီကို့စ်အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ရန် ဆွေးနွေးလာခြင်းဖြစ်သည်။

နည်းပြ ဟာဗေးရီနာ့ဒ် ကိုယ်တိုင်ကလည်း လက်ရှိအချိန် အသင်းလက်မဲ့ဖြစ်နေခြင်းကြောင့် အိုင်ဗရီကို့စ်အသင်း၏ ကမ်းလှမ်းမှုကို လက်ခံစဉ်းစားသွားဖွယ်ရှိနေသည်။

ထို့ကြောင့် နည်းပြ ဟာဗေးရီနာ့ဒ်ကို အိုင်ဗရီကို့စ်အသင်း နည်းပြသစ်အဖြစ် မြင်တွေ့ရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(ဝဲပုံ) (NGB)**

## နည်းပြ ပိုချက်တီနို အမေရိကန်လက်ရွေးစင်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**ဝါရှင်တန် ဩဂုတ် ၅**



အမေရိကန်လက်ရွေးစင်အသင်းသည် အသင်းနည်းပြ ပိုချက်တီနိုကို ၂၀၃၀ ပြည့်နှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် ယခုလို အမေရိကန်လက်ရွေးစင်အသင်းနှင့် စာချုပ်သက်တမ်းတိုးနိုင်ခဲ့မှုကြောင့် အသင်းအား ၂၀၃၀ ကမ္ဘာ့ဖလားကြီးအထိ ဦးဆောင်သွားနိုင်တော့မည်ဖြစ်သည်။

နည်းပြ ပိုချက်တီနိုသည် အမေရိကန်လက်ရွေးစင်အသင်းကို ၂၀၂၄ ခုနှစ် စက်တင်ဘာ ၁၀ ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၃၁ ပွဲတွင် ၁၇ ပွဲနိုင်၊ ၂ ပွဲသရေ၊ ၁၂ ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

အသက်(၅၄)နှစ်အရွယ်ရှိ ပိုချက်တီနိုက "ကျွန်တော်ကို ယုံကြည်စွာနဲ့ စာချုပ်သက်တမ်းတိုးခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်း အောင်မြင်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(အပေါ်ပုံ) (NGB)**

## ဘာစီလိုနာအမျိုးသမီးအသင်း မြင့်မားသည့်ပြောင်းရွှေ့ကြေးဖြင့် မန်စီးတီးအမျိုးသမီးအသင်း တိုက်စစ်မှူးကို ခေါ်ယူ

**ဘာစီလိုနာ ဩဂုတ် ၅**

ဘာစီလိုနာအမျိုးသမီးအသင်း အသင်းသမိုင်းတစ်လျှောက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့် မန်စီးတီးအမျိုးသမီးအသင်း တိုက်စစ်မှူး ကီရိုလင်နီကိုလီကို ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၆)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ဘာစီလိုနာအမျိုးသမီးအသင်းနှင့်အတူ ၂၀၃၀ခုနှစ်အထိ စာချုပ်ချုပ်ဆိုခဲ့သည်။

တိုက်စစ်မှူး ကီရိုလင်နီကိုလီသည် မန်စီးတီးအမျိုးသမီးအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၇ပွဲကစားပြီး ၁၄ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘာစီလိုနာအမျိုးသမီးအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် တိုက်စစ်မှူး ကီရိုလင်နီကိုလီအနေဖြင့် လာမည့် ဘောလုံးရာသီသစ်တွင် ဘာစီလိုနာအမျိုးသမီးအသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(ယာပုံ) (NGB)**





## ဘောလုံးသတင်းအတိုအထွာများ

* ဖီနာဘာချီအသင်းသည် မန်ယူအသင်းနှင့် အဆင်မပြေဖြစ်နေသည့် တိုက်စစ်မှူး မားကပ်စ်ရပ်ရှ်ဖို့ဒ်ကို ခေါ်ယူရန် စီစဉ်လျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* ဆက်ဆူအိုလိုအသင်းသည် ဂျူဗင်တပ်အသင်း ကွင်းလယ်ကစားသမား ဗာစီလီဂျီအက်ဒ်ဒစ်ကို တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

**(NGB)**

## ဂျက်ကို ရော်လ်ကေးအသင်းနှင့် တစ်နှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆို

**မြူးနစ် ဩဂုတ် ၅**

ဘွန်ဒက်လီဂါတန်းတက်ကလပ် ရော်လ်ကေးအသင်းသည် အသင်း ဝါရင့်တိုက်စစ်မှူး ဂျက်ကိုအား တစ်နှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ရော်လ်ကေးအသင်းကို ဘွန်ဒက်လီဂါသို့ တန်းပြန်တက်ခွင့်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။



တိုက်စစ်မှူး ဂျက်ကိုသည် ရောလ်ကေးအသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၁၁ ပွဲကစားပြီး ခြောက်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၄၀)နှစ်အရွယ်ရှိ ဂျက်ကိုက "ကျွန်တော်အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ကစားသမားဘဝမှ အနားမယူခင် အချိန်အတွင်း ဒီအသင်းနဲ့အတူ အောင်မြင်မှုတွေ ရယူသွားလိုပါတယ်"ဟု ပြောသည်။ **(ဝဲပုံ) (NGB)**

## ရိုးမားအသင်းက နယူးပို့တ်ကောင်တီအသင်းကို လေးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

**တူရင် ဩဂုတ် ၅**

ရာသီကြိုခြေစမ်းပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက အီတလီကလပ် ရိုးမားအသင်းနှင့် ဝေးလ်ကလပ် နယူးပို့တ်ကောင်တီအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရိုးမားအသင်းက နယူးပို့တ်ကောင်တီအသင်းကို လေးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ရိုးမားအသင်းအတွက် သွင်းဂိုးလေးဂိုးကို ပွဲချိန် ၃၇ မိနစ်တွင် ဟာမိုဆို၊ ပွဲချိန် ၅၄ မိနစ်တွင် ကက်စထရို၊ ပွဲချိန် ၅၉ မိနစ်တွင် ကူလီယာကီစ်၊ ပွဲချိန် ၈၁ မိနစ်တွင် ဆူးလီတို့က အသီးသီး သွင်းယူပေးခဲ့သည်။

ရိုးမားအသင်းသည် ရာသီကြိုခြေစမ်းပွဲစဉ်အဖြစ် လာမည့် ဩဂုတ် ၈ ရက်တွင် ဘရိုက်တန်အသင်းနှင့်လည်းကောင်း၊ ဩဂုတ် ၁၅ ရက်တွင် ဒေါ့မွန်အသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(အပေါ်ပုံ) (NGB)**

## ဟော်နီချက်ကို နယူးကာဆယ်အသင်း ခေါ်ယူ

**လန်ဒန် ဩဂုတ် ၅**

နယူးကာဆယ်အသင်းသည် ဘရာဂါအသင်း ဂိုးသမား ဟော်နီချက်ကို ပြောင်းရွှေ့ကြေး ယူရိုသန်း ၃၀ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။



အသက်(၂၄)နှစ်အရွယ်ရှိ ဂိုးသမားသည် နယူးကာဆယ်အသင်းနှင့်အတူ ငါးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်။

ဂိုးသမား ဟော်နီချက်သည် ဘရာဂါအသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၉ပွဲကစားပြီး အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့ခြင်းကြောင့် နယူးကာဆယ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

နယူးကာဆယ်အသင်းသည် လက်ရှိ အပြောင်းအရွှေ့ဈေးကွက်အတွင်းတွင် ကစားသမား ငါးဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။ **(ဝဲပုံ)(NGB)**

## မီကာဂေါ့ဒ်စ်ကို ခေါ်ယူရန် ပီအက်စ်ဂျီအသင်း စီစဉ်

**ပါရီ ဩဂုတ် ၅**

ပီအက်စ်ဂျီအသင်းသည် အေဂျက်စ်အသင်း တောင်ပံကစားသမား မီကာဂေါ့ဒ်စ်ကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၁)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် အေဂျက်စ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၁၃ ပွဲကစားပြီး ၂၅ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ပီအက်စ်ဂျီအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

အေဂျက်စ်အသင်းကလည်း တောင်ပံကစားသမား မီကာဂေါ့ဒ်စ်အတွက် ယူရိုသန်း ၆၀ ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်ကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် ပီအက်စ်ဂျီအသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် အေဂျက်စ်အသင်းထံမှ မီကာဂေါ့ဒ်စ်ကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(အောက်ပုံ) (NGB)**



## 2026 Cincinnati Open တင်းနစ်ပြိုင်ပွဲ ဩဂုတ် ၁၃ရက်တွင် စတင်မည်



**ဝါရှင်တန် ဩဂုတ် ၅**

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော နာမည်ကျော် တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Cincinnati Open တင်းနစ်ပြိုင်ပွဲ လာမည့် ဩဂုတ် ၁၃ ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2026 Cincinnati Open တင်းနစ်ပြိုင်ပွဲကို ဩဂုတ် ၁၃ ရက်မှ ၂၄ ရက်အထိ ၁၂ ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2026 Cincinnati Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်ကစားသမား၊ တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

Cincinnati Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ စပိန်တင်းနစ်ကစားသမား Carlos Alcaraz နှင့် ပိုလန်တင်းနစ်မယ် Iga Swiatek တို့ဖြစ်သည်။ **(ဝဲပုံ) (NGB)**



## မကွေးဆေးတက္ကသိုလ် Recreation Center(RC) အဆောက်အအုံဆောက်လုပ်မှုနှင့် နည်းပညာတက္ကသိုလ်(မကွေး)အဝင်လမ်းဖောက်လုပ်ရန် လျာထားချက်များအား ကွင်းဆင်းစစ်ဆေး

**မကွေး ဩဂုတ် ၅**

မကွေးတိုင်းဒေသကြီးမကွေးမြို့ရှိ ဆေးတက္ကသိုလ်(မကွေး)တွင် ဆောက်လုပ်လျက်ရှိသော Recreation Center အဆောက်အအုံဆောက်လုပ်နေမှုအခြေအနေများနှင့် နည်းပညာတက္ကသိုလ်(မကွေး)အဝင်လမ်းဖောက်လုပ်နိုင်ရေး လျာထားဆောင်ရွက်ထားရှိမှုများအား တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးတင်ကိုကိုနှင့် အဖွဲ့ဝင်ဝန်ကြီးများသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။ **(အပေါ်ပုံ)**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် နည်းပညာတက္ကသိုလ်(မကွေး)သို့ ရောက်ရှိကာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စွာသွားလာနိုင်ရေးအတွက် မြေပြင်အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက လမ်းနယ်နိမိတ်(ROW) သတ်မှတ်ချက်များ၊ လမ်း၏အနိမ့်အမြင့်(Level)တိုင်းတာထားရှိမှု၊ အောက်ခံမြေလွှာခံနိုင်ရည်စစ်ဆေးထားရှိမှုများနှင့် လမ်းဘေး ရေနုတ်မြောင်း အကျယ်၊ အနက်အတိုင်းအတာများကို အသေးစိတ်ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က စံချိန်စံညွှန်း ပြည့်မီရေးနှင့် သတ်မှတ်ကာလအတွင်း အချိန်မီ ကွင်းဆင်းစစ်ဆေးဖောက်လုပ်ပြီးစီးရေးအတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆေးတက္ကသိုလ်(မကွေး)သို့ ရောက်ရှိပြီး Receration Center(RC) အဆောက်အအုံဆောက်လုပ်နေမှု လုပ်ငန်းခွင်အတွင်း စံချိန်စံညွှန်းများနှင့်အညီ ဆောက်လုပ်ထားရှိမှု၊ လုပ်ငန်းပြီးစီးမှုရာခိုင်နှုန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ကြည့်ရှုစစ်ဆေးကာ သက်ဆိုင်ရာ တာဝန်ရှိသူများအား အဆောက်အအုံရေရှည်ခိုင်ခံ့ရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးတို့အတွက် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

## ဘဏ္ဍာရေးစီမံခန့်ခွဲမှုသင်တန်းဖွင့်ပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၅**

မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် 'ဘဏ္ဍာရေးစီမံခန့်ခွဲမှုသင်တန်း' ဖွင့်ပွဲကို မန္တလေးမြို့ရှိ Win Unity Hotel တွင် ကျင်းပခဲ့ပါသည်။

အဆိုပါ အခမ်းအနားသို့ မန္တလေးတိုင်းကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာသိန်းထွန်းဆောင်၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းမှ မန္တလေးရုံးခွဲတာဝန်ခံ ဒေါက်တာစိုးထက်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ဘဏ္ဍာရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးတေဇာလင်းနှင့် တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်ကြက်ခြေနီ ကြီးကြပ်ရေးအဖွဲ့များမှ ကော်မတီဝင်များနှင့် အတွင်းရေးမှူးများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မန္တလေးတိုင်းကြက်ခြေနီ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားခဲ့ပြီး အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းမှ မန္တလေးရုံးခွဲတာဝန်ခံက အမှာစကားပြောကြားခဲ့ကာ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ဘဏ္ဍာရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးတေဇာလင်းက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ကာ သင်တန်းဖွင့်ပွဲကို အောင်မြင်စွာ ကျင်းပပြီးမြောက်ခဲ့သည်။

အဆိုပါ သင်တန်းအား ဩဂုတ် ၄ ရက်မှ ၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၀၇၀)**



## နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံး၊ ကဗျာပြိုင်ပွဲ ကျင်းပ



**မန္တလေး ဩဂုတ် ၅**

နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနမှ ကျင်းပသော နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် မြို့နယ်ကျောင်းပေါင်းစုံ အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲကို ဩဂုတ် ၄ ရက် နံနက် ၉ နာရီက မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အမှတ်(၁၃)အခြေခံပညာ အထက်တန်းကျောင်းခွဲရှိ ချယ်ရီ စူပါစိမ်းခန်းမ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲကို ကျောင်းသား၊ ကျောင်းသူများ၏ တွေးခေါ်နိုင်စွမ်းနှင့် မိမိတို့၏ အတွေးအခေါ်ကို ထိရောက်စွာ ပြန်လည်ထုတ်ဖော်ပြသနိုင်စွမ်း မြင့်မားလာစေရန်ရည်ရွယ်၍ ချမ်းမြသာစည်မြို့နယ် ကျောင်းပေါင်းစုံ အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို 'စာတတ်မြောက်ရေးဝိုင်းကူပေး' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကျောင်းသား၊ ကျောင်းသူ ၃၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ပြီး၊ ကဗျာပြိုင်ပွဲတွင် 'အမှောင်ကိုခွင်း စာတတ်ခြင်း' ခေါင်းစဉ်ဖြင့်လည်းကောင်း ကျောင်းသား၊ ကျောင်းသူ ၂၀ ဦး၊ Grade - 10၊ Grade - 11၊ Gr- ade- 12 ကျောင်းသား၊ ကျောင်းသူစုစုပေါင်း ၅၅ ဦး ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**အလင်းသစ်**

**(ချမ်း/စည်ပြန်/ဆက်)**

## ကျောင်းကောင်စီဥက္ကဋ္ဌဖလား အမျိုးသား၊ အမျိုးသမီးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ ကျင်းပ

**နမ့်စန် ဩဂုတ် ၅**

ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်တွင် အမှတ်(၅)ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်းခွဲ၏ ကျောင်းကောင်စီဥက္ကဋ္ဌဖလား အသက်(၁၂)နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ဩဂုတ် ၄ ရက် နံနက် ၉ နာရီက အဆိုပါကျောင်း အားကစားကွင်းအတွင်း ကျင်းပခဲ့ရာ မြို့နယ်ပညာရေးမှူး ဦးဝင်းကျော်၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးအောင်မင်းနှင့် ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်



များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ခဲ့ကြသည်။

ရှေဦးစွာ မြို့နယ်ပညာရေးမှူးက အဖွင့်ပြောကြားခဲ့ပြီး ပြိုင်ပွဲဝင်အသင်းများနှင့် ဘင်ခရာတပ်ဖွဲ့က အားကစားသစ္စာ အဓိဋ္ဌာန်ရွတ်ဆိုအလေးပြု၍ ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာခဲ့ကြသည်။

အဆိုပါကျောင်းကောင်စီဖလားဘောလုံးပြိုင်ပွဲကို ဩဂုတ် ၁၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင် အမျိုးသား၊ အမျိုးသမီးအသင်း စုစုပေါင်း ၁၀ သင်း ပါဝင်ယှဉ်ပြိုင်လျက်ရှိကြောင်းနှင့် အဖွင့်ပွဲစဉ်တွင် အလောင်းဘုရားအမျိုးသားအသင်းက ဇန္နုလအမျိုးသားအသင်းကို နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့ကြောင်း အ·ထ·က ခွဲ (၅ရပ်ကွက်) ကျောင်းအုပ်ဆရာကြီး ဦးမျိုးမင်းဦးထံမှ သိရသည်။

**(ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## မိုးရာသီဖိတ်ခေါ်ဖလား ဘောလုံးပြိုင်ပွဲ ကျင်းပမည်

**မင်းဘူး ဩဂုတ် ၅**

မကွေးတိုင်းဒေသကြီးမင်းဘူးခရိုင်၊ မင်းဘူး(စကု)မြို့နယ်အတွင်း စိတ်ဓာတ်၊ စည်းကမ်းပြည့်ဝသော အနာဂါတ်လူငယ်အားကစားသမားကောင်းများ ပေါ်ထွန်းလာစေရန်အတွက် စကုမြို့အားကစားကော်မတီမှ ကြီးမှူး



ကျင်းပသော ၂၀၂၆ ခုနှစ် အမျိုးသားအလွတ်တန်း ကလပ်အသင်းပေါင်းစုံ မိုးရာသီဖိတ်ခေါ်ဖလား ဘောလုံးပြိုင်ပွဲကို ဩဂုတ် ၁၅ ရက်မှ စတင်ပြီး စကုမြို့မ အားကစားကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။

စကုမြို့ အားကစားကော်မတီမှ ကြီးမှူးကျင်းပသော ၂၀၂၆ ခုနှစ် အမျိုးသားအလွတ်တန်း ကလပ်အသင်းပေါင်းစုံ မိုးရာသီဖိတ်ခေါ်ဖလား ဘောလုံးပြိုင်ပွဲတွင် မင်းဘူး(စကု)မြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများမှ ပြိုင်ပွဲအသင်းများ၊ မင်းဘူးခရိုင်အတွင်းရှိ မင်းဘူး(စကု) ပွင့်ဖြူ၊ စလင်းနှင့် ငဖဲမြို့နယ်များမှ ပြိုင်ပွဲဝင်အသင်းများအပြင် မကွေးတိုင်းဒေသကြီးအတွင်းမှ ကလပ်အသင်းများဖြင့် ပြိုင်ပွဲဝင်အသင်း စုစုပေါင်း ၂၅ သင်းဖြင့် အုပ်စု (၈) အုပ်စုခွဲ၍ စနစ်တကျ ကျင်းပသွားမည်ဖြစ်ကြောင်း စကုမြို့ အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ပိုင်က ပြောသည်။ **(ဝဲပုံ)**

၂၀၂၆ ခုနှစ် စကုမြို့ အားကစားကော်မတီမှ ကြီးမှူးကျင်းပသော အမျိုးသားအလွတ်တန်း ကလပ်အသင်းပေါင်းစုံ မိုးရာသီဖိတ်ခေါ်ဖလား ဘောလုံးပြိုင်ပွဲတွင် ပထမဆုအဖြစ် ဆုကြေးငွေကျပ် ၁၅ သိန်း၊ ဒုတိယဆုအဖြစ် ဆုကြေးငွေကျပ် ၁၀ သိန်း သတ်မှတ်ထားပြီး တစ်ဦးချင်းအကောင်းဆုံး ကစားသမားဆုများအပြင် ဆုတံဆိပ်နှင့် လည်ဆွဲများကိုလည်း ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း အဆိုပါပြိုင်ပွဲ ကျင်းပရေးကော်မတီထံမှ သိရသည်။

**(၅၀၀)**

## မဟာအောင်မြေမြို့နယ်၌ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းရှိ သံဃာတော်နှင့် ကျောင်းသား၊ ကျောင်းသူများအား ဆေးစိမ်ခြင်ထောင်များ အခမဲ့ထောက်ပံ့



**မန္တလေး ဩဂုတ် ၅**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ ကံတက်ကုန်း မစိုးရိမ်မှုလွန်အဆင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းရှိ သံဃာတော် ၁၂၉ ပါးနှင့် ကျောင်းသား၊ ကျောင်းသူများအား မိုးရာသီအတွင်း သွေးလွန်တုပ်ကွေးရောဂါကာကွယ်နိုင်ရေးအတွက် ဆေးစိမ်ခြင်ထောင်များကို ဩဂုတ် ၄ ရက် မွန်းလွဲပိုင်းက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အခမဲ့ထောက်ပံ့ပေးအပ်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးအေးမင်း ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက မိုးရာသီတွင် ဖြစ်ပွားတတ်သည့် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးအသိပညာပေး ဟောပြောခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် ကျန်းမာရေးဝန်ထမ်းများက ကံတက်ကုန်း မစိုးရိမ်မှုလွန်အဆင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းရှိ သံဃာတော် ၁၂၉ ပါးနှင့် ကျောင်းသား၊ ကျောင်းသူများအား ဆေးစိမ်ခြင်ထောင်များကို အခမဲ့ဖြန့်ဝေပေးအပ်ခဲ့ကြသည်။ (ဝဲပုံ)

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရဲမွန်တောင်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ဦးနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များကို ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၈)**



## အခြေခံပညာကျောင်းများအားလုံးရှိ KG ကျောင်းသား၊ ကျောင်းသူများအား ကျောင်းတွင်း အာဟာရကျွေးမွေး

**မန္တလေး ဩဂုတ် ၅**

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အခြေခံပညာကျောင်းအားလုံးရှိ KG ကျောင်းသား၊ ကျောင်းသူများအား ယမန်နေ့ နံနက် ၉ နာရီက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်နော်မြတ်မိုးဦးက ဦးစီး၍ ကျောင်းတွင်း အာဟာရကျွေးမွေးခဲ့သည်။

အဆိုပါ အာဟာရကျွေးမွေးရာတွင် KG ကျောင်းသား၊ ကျောင်းသူများအား ပုံမှန်တစ်လလျှင် နှစ်ကြိမ်နှုန်းဖြင့် ကျန်းမာရေးဌာနမှ ချမှတ်ထားသော အာဟာရနမူနာပုံစံများအတိုင်း ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းလုပ်ငန်းများကို ပြည်ကြီးတံခွန်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့များ၊ အမျိုးသမီးရေးရာအဖွဲ့များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများမှ ပါဝင်ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

(အပေါ်ပုံ)

**စင်မင်းမောင်(ခရိုင်၊ ပြန်/ဆက်)**

၀-၀-၀-၀-၀

## ဆိုလာစနစ် မီးဘေးလုံခြုံရေးဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်လှစ်

**စစ်ကိုင်း ဩဂုတ် ၅**

နိုင်ငံတော်အတွင်းတွင် ဆိုလာစနစ်အသုံးပြုမှု များပြားလာသည်နှင့်အမျှ ဆိုလာစနစ်၏ တည်ဆောက်ပုံကို စနစ်တကျနားလည်သိရှိပြီး အိမ်သုံးဆိုလာစနစ် (HOME SOLAR SYSTEM)များနှင့် (SOLAR FARM) ကြီးများကို မီးဘေးလုံခြုံရေးစစ်ဆေးအကြံပြုမှုများ စနစ်တကျဆောင်ရွက်တတ်စေရန် ဆိုလာစနစ်မီးလောင်ဖြစ်ပွားမှု ကြုံတွေ့ပါက ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ငြိမ်းသတ်ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ဆိုလာစနစ်မီးဘေးလုံခြုံရေးဆိုင်ရာဆင့်ပွားသင်တန်းကို ယမန်နေ့ နံနက်ပိုင်းက စစ်ကိုင်းမြို့နယ်၊ မီးသတ်ဦးစီးဌာနရုံးခန်းမ၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် ခရိုင်မီးသတ်ဦးစီးမှူး ဦးထက်အောင်က သင်တန်းဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မြင့်ဟန်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်အား ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်မီးသတ်ဦးစီးဌာနများမှ အရာရှိတပ်ဖွဲ့ဝင် ၂၀ ဦး တက်ရောက်ပြီး သင်တန်းကာလရက်သတ္တနှစ်ပတ်ကြာ စာတွေ့၊ လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

**နေလင်းအောင်(ပြန်/ဆက်)**



## အရေးပေါ်ရှာဖွေကယ်ဆယ်ရေးသင်တန်းအမှတ်စဉ်(၄) သင်တန်းဖွင့်ပွဲကျင်းပ၊ စာတွေ့လက်တွေ့သင်ကြား

**မန္တလေး ဩဂုတ် ၅**

မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့(မန္တလေးတိုင်းဒေသကြီးကော်မတီရုံး)နှင့် KBZ Center Mandalay တို့ပူးပေါင်းဖွင့်လှစ်သော အရေးပေါ်ရှာဖွေကယ်ဆယ်ရေးသင်တန်း၊ အမှတ်စဉ်(၄) သင်တန်းဖွင့်ပွဲကို ဩဂုတ် ၁ ရက်က ချမ်းမြသာစည်မြို့နယ်၊ ၇၃ လမ်းနှင့်၁၁၀လမ်းထောင့်ရှိ KBZ Center Mandalay ခန်းမတွင် ကျင်းပသည်။ **(အောက်ပုံ)**

ပရဟိတလူမှုရေးအသင်းများအနေဖြင့် စနစ်ကျသော ကယ်ဆယ်ရေးဆိုင်ရာပညာရပ်များကို တတ်မြောက်ခြင်းအားဖြင့် သဘာဝဘေးအန္တရာယ်များ ကျရောက်တွေကြုံလာပါက ပိုမိုထိရောက်စွာ ကူညီကယ်ဆယ်နိုင်စေရန်နှင့် သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးနှင့် ဟန်ချက်ညီညီပူးပေါင်းနိုင်စေရန်ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

သင်တန်းတွင် တနိုင်း၊ နမ္မတီး၊ မြစ်ကြီးနား၊ စစ်ကိုင်း၊ မုံရွာ၊ မြင်းမူ၊ မိတ္ထီလာနှင့်မန္တလေးမြို့ပေါ်ရှိ လူမှုရေးအသင်းများမှ သင်တန်းသား ၃၀ ဦး တက်ရောက်ခဲ့ကြသည်။ သင်တန်းကို သဘာဝဘေးကူညီကယ်ဆယ်ရေးသင်ခန်းစာများကို ဩဂုတ် ၁ ရက်မှ ၁၀ ရက်အထိ ဖွင့်လှစ်၍ စာတွေ့လက်တွေ့ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။ **(၀၄၅)**

## ကျောက်ဆည်မြို့နယ်၌ ၂၀၂၆-၂၀၂၇ ခုနှစ်တွင် မိုးချည်မျှင်ရှည်ဝါ ၁၀၂၇ ဧက စိုက်ပျိုး

**ကျောက်ဆည် ဩဂုတ် ၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၌ ၂၀၂၆-၂၀၂၇ ခုနှစ်တွင် မိုးချည်မျှင်ရှည်ဝါ ၁၀၂၇ ဧက စိုက်ပျိုးထားကြောင်းနှင့်



ကျောက်ဆည်မြို့နယ်တွင် တိုက်နယ် ၁၂ ခုရှိပြီး မိုးချည်မျှင်ရှည်ဝါများကို တိုက်နယ် ၆ အတွင်းရှိ ကျေးရွာအုပ်စုများ၌ ၃၂ ဧက၊ တိုက်နယ် ၇ အတွင်းရှိ ကျေးရွာအုပ်စုများ၌ ၂၂ ဧက၊ တိုက်နယ် ၁၂ အတွင်းရှိ ကျေးရွာအုပ်စုများ၌ ၉၇၃ ဧက စိုက်ပျိုးထားကြောင်း မြို့နယ်မြေစာရင်းဦးစီးဌာနမှ သိရသည်။ (ဝဲပုံ)

ကျောက်ဆည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝါစိုက်တောင်သူများ ဝါအထွက်နှုန်းကောင်းမွန်ရေး သွင်းအားစုနှင့် ကုန်ကျစရိတ်လျော့နည်းပြီး အရည်အသွေးမြင့်မား၍ အထွက်နှုန်းတိုးတက်ကောင်းမွန်သည့် ရေမြေဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်ချည်မျှင်ရှည်ဝါမျိုးများဖြစ်သည့် ရွှေတောင် ၁၀ ၊ ရွှေတောင် ၈ နှင့် ငွေချည် ၆ ချည်မျှင်ရှည်ဝါများကို ရွေးချယ်စိုက်ပျိုး ကူညီပေးလျက်ရှိကြောင်း သိရသည်။

(၄၈၅)

## မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအား ကွင်းဆင်းစစ်ဆေး

**ချောက် ဩဂုတ် ၅**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်တွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အတိုးနှုန်းသက်သာစွာဖြင့် မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ယမန်နေ့က ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက ဝသဲစမ်းကျေးရွာအုပ်စု၊ သံဘိုကျေးရွာတို့၌ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၀ ဦးအတွက် ချေးငွေ ၂၀၄ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၈၅ ဦးအတွက် ချေးငွေ ၃၀၆ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူသုံးဦးအတွက် ချေးငွေ ၁၃ သိန်း၊ စုစုပေါင်း ၁၄၈ ဦး၊ စီမံကိန်းရန်ပုံငွေကျပ် ၅၂၃ သိန်းအား အတိုးနှုန်း ၀ ဒသမ ၅ ကျပ် နှုန်းဖြင့် စီမံကိန်းလုပ်ငန်းများ လည်ပတ်လျက်ရှိကြောင်း သိရသည်။

**ကျော်မိုး(ပြန်/ဆက်)**



# သစ်ကောက် ဝါးကောက်

‘ဓာတ်ပုံရိုက်မယ်-ဆရာအိုးဝေ(မြေနီကျင်း)၊ နည်းနည်းလေး ပြုံးလိုက်ပါ’

‘ချက်ခ်’

တစ်ခုသောတနင်္ဂနွေ၏ နန်းရှေ့စာပေရေနွေးကြမ်းဝိုင်းလေးတွင် ဖြစ်၏။ ဆရာကြီးသားအောင်မြင့်သည် စာမူရှင် ဆရာအိုးဝေ ‘မြေနီကျင်း’ နှင့် ဗြဟ္မစိုရ်အသင်းအတွက် ‘ဇောဓိပူဇာညောင်ရေသွန်းမင်္ဂလာ မဟာဝိဟာရသာသနမော်ကွန်း အမှတ်(၃)’ စာအုပ်ကြီး (၂) အုပ်ကို လက်ဆောင်ပေးအပ်ရင်း လှူဒါန်းပွဲဖြစ်၏။ ဆရာ စောချိုသာနှင့် ဆရာကိုထွန်းဝင်းတို့က မှတ်တမ်းတင် ဓာတ်ပုံရိုက်၏။ ထုံးစံအတိုင်း နန်းရှေ့စာပေဝိုင်း၏ စည်းကမ်းအရ အလှည့်ကျ စာစကားပေစကား ဆွေးနွေးကြ၏။ ရေနွေးကြမ်းနှင့် အကြော်များ သုံးဆောင်ကြ၏။ နေ့ (၁၂) နာရီတွင် လူစုခွဲကြ၏။

တစ်နေ့သောနံနက်တွင် မြို့ထဲမှ ပြန်လာသော ဆရာစိန်သည် လမ်းကြုံ၍ ဆရာအိုးဝေ (မြေနီကျင်း) အိမ်သို့ အလည်ဝင်ခဲ့၏။

‘ဆရာစိန် - ခင်ဗျားဟိုနေ့က ကျုပ်ကို ဓာတ်ပုံရိုက်မယ် နည်းနည်းလေး ပြုံးလိုက်ပါလို့ သတိပေးတယ်နော် - ကျုပ်က အဲသလောက်ကြီးပဲ မျက်နှာထားက ဆိုးနေသလားဗျာ’

‘ဆရာက အဲသလောက်ကြီး မျက်နှာထား မဆိုးပေမယ့် လူကဝဝ၊ မျက်နှာက လေးထောင့်ကျကျပါဆို ခပ်တည်တည်ကြီးနေလိုက်တော့ တွေ့မြင်ဆက်ဆံရမယ့်လူတွေ နည်းနည်းများ ရွံ့သွားမလားလို့ သတိပေးရတာပါ ဆရာရယ်’

‘ကျုပ်က မျက်နှာထားမတတ်ပေမယ့် အတွင်းစိတ်ထားကတော့ မယုတ်ညံ့ပါဘူး ဆရာရယ်။ လူတွေ့ရင် ပေးချင်ကျွေးချင်တယ်၊ အကူအညီပေးချင်တယ်’

‘ဆရာနဲ့ ပေါင်းသင်းလာတာ ကြာပြီပဲ၊ ဆရာ့စိတ်ထားကို သိပါတယ်ဗျာ။ ဆရာက ပိန္နဲသီးလိုလူသားဆိုတာ၊ အပေါ်ယံကြမ်းပေမယ့် အတွင်းကတော့ ချိုနေတာပါဗျာ’

‘လူတချို့ကတော့ ဒီလိုမဟုတ်ဘူး ဆရာစိန်၊ စကားလေးများ ပြောလိုက်ရင် ချိုနေတာပဲ၊ ညက်ညက် ညက်ညက်နဲ့၊ မျက်နှာလေးက ပြုံးလို့၊ အရိုအသေပေးလိုက်တာလည်း လွန်ရော၊ ရင်ထဲ နှလုံးသားထဲမှာကတော့ ဣဿာမစ္ဆရိယ၊ အကုသိုလ်ဗျာပါဒတွေ အားကြီးလိုက်တာဗျာ ပလီပလာနဲ့ စိတ်ညစ်ပတ်တဲ့လူတွေ အရှင်ဒေဝဒတ်လို လူစားမျိုးတွေပေါ့။ အချို့ပညာတော့တတ်ပါရဲ့၊ အချို့ငွေတော့ချမ်းသာပါရဲ့၊ အချို့ စိတ်ဓာတ်က မကောင်းတဲ့ လူတွေက အများသား။ ကျီးအာသီးလို လူစားမျိုးတွေ။ အပေါ်ယံ ရွှေမှုံကြဲ အထဲ နွားချေးကျုံဆိုတဲ့ လူမျိုးတွေများပါတယ်ဗျာ’

‘ဟုတ်တယ်ဆရာ ‘သစ်ကောက် ဝါးကောက်’ ကို မြင်ဖို့လွယ်ပေမယ့်၊ ‘လူကောက် ဓားကောက်’ ကိုတော့ မြင်ဖို့ မလွယ်ဘူးဆရာ၊ တချို့က မာယာ သိပ်များကြတယ် လှည့်စားကြတယ်၊ အရှိကို အရှိအတိုင်း မဟုတ်ဘဲ အတုအယောင် လုပ်ကြတယ်၊ ဟန်ဆောင်ကောင်းကြတယ်၊ ပါးနပ်ကြတယ်၊ ပရိယာယ်သုံးတတ်ကြတယ်ဆရာ’

‘တကယ်တန်းကြတော့ ရွှေအကြောင်း ဖယောင်းကသိ လူအကြောင်း ပေါင်းမှသိဆိုတာ သိပ်မှန်တာပဲ ဆရာစိန်။ လူတွေကို ယေဘုယျအားဖြင့် ခွဲခြမ်းကြည့်ရင် အကြမ်းအားဖြင့် (၄) မျိုး တွေ့ရတယ်ဗျာ။ တချို့က ရုပ်နဲ့မှု အတူတူပဲ၊ ရုပ်ကြမ်းသလောက် စိတ်ကလည်း ကြမ်းတာပဲဗျ၊ တချို့ကြတော့ ရုပ်ကြမ်းပေမယ့် စိတ်သဘောထား ကောင်းကြတယ်ဗျ၊ အရုပ်ဆိုးတဲ့ပိုးကောင်ကြီးပေါ့ဗျာ။ တချို့ကြတော့ မျက်နှာပေးလေးကလည်း ချိုသလောက် စိတ်ထားလေးကလည်း ချိုနေတာပဲဗျ၊ ဈေးချိုသူလေးတွေလိုပေါ့ဗျာ။ အဲနောက်ဆုံး အတန်းစားလူတွေကတော့ ခင်ဗျားပြောသလိုပဲ အပေါ်ယံ မျက်နှာပေး ချိုကြပေမယ့် ရင်ထဲကတော့ ကောက်ကျစ်စဉ်းလဲ ကြတယ်ဗျာ’

အဲဒါကြောင့်မို့ တချို့သော ဆရာတော်ကြီးတွေ ဟောထားတဲ့တရား ရှိတယ်လေဗျာ။ တရားမထိုင်နဲ့ဦး၊ ဘုန်းကြီးမဝတ်နဲ့ဦး၊ မင်းစိတ်ကလေး ကောင်းအောင် အရင်ပြင်ဦးလို့ ပြောတာပေါ့ဗျာ။ တရားထိုင်တယ်ဆိုတာ စိတ်ကိုကောင်းအောင် လေ့ကျင့်ပေးတဲ့ စိတ်လေ့ကျင့်ခန်းတစ်ခုပဲပေါ့နော်ဗျာ။ ဂေါတမဗုဒ္ဓ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက တရားမထိုင်ခင် စိတ်ကိုအရင်ပြင်ဖို့ ဟောကြားခဲ့ သေးတယ်ဗျ’

‘ဟုတ်လား - လုပ်စမ်းပါဦး ဆရာစိန် - ဘာတရားတွေများလည်းဗျာ’

‘ဒီလိုဗျ - သူတစ်ပါး ချမ်းသာတာကို လိုလားတဲ့စိတ်၊ ဒေါသဗျာပါဒ ကင်းတဲ့စိတ်ဖြစ်တဲ့ မေတ္တာတရားကို အမြဲလက်ကိုင်ထားရမယ်တဲ့၊ ပြီးတော့ သူတစ်ပါး ဆင်းရဲတာကို သနားတဲ့စိတ်၊ ကယ်တင်ချင်တဲ့စိတ်ဖြစ်တဲ့ ကရုဏာတရားကို လက်ကိုင်ထားရမယ်တဲ့၊ နောက်တစ်ခုက သူတစ်ပါး ချမ်းသာတာကို ဝမ်းသာတဲ့စိတ်၊ မနာလိုဝန်တိုမှု မဖြစ်တဲ့ မုဒိတာတရားကို လက်ကိုင်ထားရမယ်တဲ့၊ စတုတ္ထအချက်က အရာအားလုံးအပေါ်မှာ ဝမ်းနည်းဝမ်းသာမဖြစ်တဲ့စိတ်၊ အရာအားလုံး ကံတရားရဲ့ သဘာဝအတိုင်း ညီညွတ်မျှတတဲ့စိတ် ဥပေက္ခာတရားကို လက်ကိုင်ထားရမယ်တဲ့၊ ပဉ္စမအချက်က ဒီခန္ဓာကိုယ်ကြီး ခန္ဓာကြီးဟာ၊ ဆံပင်၊ အမွေး၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေထူအရေပါးစတဲ့ ၃၂ ကောဋ္ဌာသ အပုပ်ကောင်ကြီးကို အသုဘတရားအဖြစ် ရှုပွားနေရမယ်တဲ့၊ ဆဋ္ဌမအချက်ကတော့ ငါဆိုတဲ့အတ္တ ဒိဋ္ဌိကိုကွာဖို့၊ မာန်မာနတွေကွာဖို့ အရာအားလုံးရဲ့ ဖြစ်ပြီးပျက်နေတဲ့ မမြဲတဲ့ အနိစ္စတရားကို အမြဲနှလုံးသွင်း ရှုပွားနေရမယ်တဲ့ဗျာ’

‘သိပ်ကောင်းတဲ့ ရှေ့တော်ပြေး တရားလေးပဲဗျနော် ဆရာစိန်၊ တချို့ဆိုရင် စိတ်ထားကို ကောင်းအောင် မပြင်တတ်တော့ တရားစခန်း (၁၀) ခါဝင်ပြီးလည်း အိမ်ပြန်ရောက်တော့ဒုံရင်းဟာ ဒုံရင်းပဲ။ လူကောင်းမဖြစ်လာပါဘူးဗျာ။ အဲဒါ စိတ်ကိုကောင်းအောင် မကျင့်ခဲ့လို့ပေါ့၊ မဟာဂန္ဓာရုံ ဆရာတော်ကြီးက စိတ်ကောင်းရှိဖို့ ပထမလို့ ဟောခဲ့ဖူးတယ်ဗျ’

‘ဟုတ်တယ်ဆရာ အာနာပါနကျင့်စဉ် တစ်ခုလောက်ထဲနဲ့သမာဓိ ရယုံလောက် ကျင့်ခဲ့ရတာ ကိုးဗျ။ အဲဒီသမာဓိကလည်း အိမ်ရောက်တော့ ပျောက်ကရော။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကတော့ စိတ်ကောင်းနှလုံးကောင်း မွေးမြူနိုင်ဖို့ သတိပဋ္ဌာန်တရား (၄) ပါးထဲက ဓမ္မာနုပဿနာ သတိပဋ္ဌာန်ကျင့်စဉ်မှာ ဟောခဲ့တယ်ဗျ’

‘ဩော်- ဩော် ဓမ္မာနုပဿနာ သတိပဋ္ဌာန် တရားတော်လေးကို ကုသိုလ်ပြုပါဦး ဆရာစိန်’

‘ဓမ္မာနုပဿနာ သတိပဋ္ဌာန်မှာ (၅) မျိုး ဟောခဲ့ တယ် ဗျ။ နီဝရဏတရားတွေကို ရှုမှတ်နည်း၊ (နှစ်) - ဥပါဒါနက္ခန္ဓာ (၅) ပါးကို ရှုမှတ်နည်း၊ (သုံး) - အာယတန (၁၂) ပါး ရှုကွက်၊ (လေး) - ဗောဇ္ဈင် (၇) ပါး ရှုကွက်၊ (ငါး) - သစ္စာလေးပါးကို အမြဲနှလုံးသွင်း သိနေဖို့ပါပဲ။ နီဝရဏ တရားတွေမှာဆိုရင် ကာမစ္ဆန္ဒ နီဝရဏအပိုင်းမှာတော့ ငါ့သန္တာန်မှာ လောဘ တဏှာ၊ ကာမရာဂ၊ လိုချင်စရာအာရုံတွေ ရှိနေသလား၊ စောစောကမှ (မကြာသေးမီ) မရှိတော့ဘူးလား၊ ဘာကြောင့် ရှိနေရတာလည်း၊ ဘယ်လိုပယ်ဖျောက်ရမလည်း၊ အပြီးသတ် ပယ်ဖျောက်နိုင်တာ ဘာလဲဆိုတာကို သိရမယ်တဲ့။ ဗျာပါဒ နီဝရဏ အပိုင်းမှာဆိုရင် ဒေါသ၊ ဒေါမနဿ ဆိုတဲ့ စိတ်ဆိုး၊ စိတ်ပျက်တာ တွေ ငါ့သန္တာန်မှာ ရှိသလား၊ မရှိတော့ဘူးလား၊ ဘာကြောင့် ရှိရတာလည်း၊ အပြီးသတ်ပယ်ဖျောက်နိုင်တာ ဘာလဲဆိုတာကို သိရမယ်တဲ့။ ထိနမိဒ္ဓ နီဝရဏ အပိုင်းမှာ ငိုက်မြည်းမှု၊ တွန့်ဆုတ်မှု၊ ပျင်းရိမှု အာရုံတွေ ငါ့သန္တာန်မှာ ရှိနေသလား - ဥဒ္ဓစ္စ ကုက္ကုစ္စ နီဝရဏ အပိုင်းမှာ - ငြိမ်သက်မှုမရှိခြင်း၊ စိတ်လွင့်ပျံ့ လွင့်နေခြင်းတွေ ငါ့သန္တာန်မှာ ရှိနေသလား၊ ဝိစိကိစ္ဆာ နီဝရဏ အပိုင်းမှာ - မဝေခွဲနိုင်မှု၊ မဆုံးဖြတ်နိုင်မှု၊ ယုံမှားသံသယဖြစ်မှု အာရုံတွေ ငါ့သန္တာန်မှာ ရှိနေသလား၊

အဲဒီနီဝရဏ တရားတွေကို သတိလေးကပ်ထားပြီး အမြဲမပြတ် ရှုမှတ်ဆင်ခြင်နေရင်၊ နီဝရဏတွေရဲ့ အဖြစ်နဲ့ အပျက် (၂) မျိုးလုံးကို မြင်အောင် ရှုလာနိုင်ရင် တဏှာတွေ၊ ဥပါဒါန်အစွဲတွေ၊ လွတ်မြောက်ပြီးဣဿာမစ္ဆရိယတွေ အဘိဇ္ဈာဗျာပါဒတွေ ကင်းလွတ်သွားတဲ့နိဗ္ဗာန်ကို မျက်မှောက်ပြု လာနိုင်မယ်တဲ့ဆရာရေ’

‘တော်တော်အဖိုးတန်တဲ့ တရားပဲ ဆရာစိန်နိဗ္ဗာန်သွားမယ့် လမ်းခရီးမှာ ပိတ်ဆို့တားဆီးနေကြတဲ့ စိတ်အညစ်အကြေး၊ စိတ်အမှိုက်စရိုက်တွေပဲဗျနော်။ တစ်သံသရာလုံးက ပါလာတဲ့ အလေ့အကျင့် အထုံပါရမီတွေဆိုတော့ ပျောက်ကွယ်နိုင်ဖို့ တော်တော် ခက်ခဲဦးမှာပါဗျာ -ဩော်ဒါနဲ့- နေလည်း မြင့်နေပြီ ဒီမှာ ထမင်းစားသွားလေဆရာ’

‘ရပါပြီဆရာ အိမ်ကလည်း မျှော်နေတော့မှာမို့ ကျွန်တော်ပြန်လိုက်ဦးမယ်ဆရာ’ ဤသို့ဖြင့် ဆရာအိုးဝေ(မြေနီကျင်း)နှင့် ဆရာစိန်တို့၏ စကားဝိုင်းလေး အဆုံးသတ်ခဲ့ကြ၏။

**လူတချို့ကတော့ ဒီလိုမဟုတ်ဘူး ဆရာစိန်၊ စကားလေးများ ပြောလိုက်ရင် ချိုနေတာပဲ၊ ညက်ညက် ညက်ညက်နဲ့၊ မျက်နှာလေးက ပြုံးလို့၊ အရိုအသေ ပေးလိုက်တာလည်း လွန်ရော၊ ရင်ထဲ နှလုံးသားထဲမှာကတော့ ဣဿာမစ္ဆရိယ၊ အကုသိုလ်ဗျာပါဒတွေ အားကြီးလိုက်တာဗျာ ပလီပလာနဲ့ စိတ်ညစ်ပတ်တဲ့ လူတွေ**

မြနန္ဒာ ဉာဏ်ဝေ

## မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့ အရေးပေါ်အစည်းအဝေး ကျင်းပ

**မိုင်းယောင်း ဩဂုတ် ၅**



ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ် ဗလမင်းထင်ခန်းမ၌ ယမန်နေ့ နံနက်ပိုင်းက မြို့နယ်သဘာဝဘေး အန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့အရေးပေါ် အစည်းအဝေး ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေတို့က အမှာစကား ပြောကြားသည်။ ထို့နောက် အစည်းအဝေး တက်ရောက်လာသူများက သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရန်၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အမြန်ဆုံး လုပ်ဆောင်ရန်၊ သက်ဆိုင်ရာဌာနများနှင့် အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များနှင့် ကြိုတင်ကာကွယ်ရေး အစီအမံများကို ညှိနှိုင်းဆွေးနွေးကြသည်။ ဆက်လက်၍ ဆီထွက်သီးနှံနေကြာစိုက်ပျိုးနိုင်ရေးအတွက် လုပ်ငန်း ညှိနှိုင်းအစည်းအဝေးအား ကျင်းပခဲ့သည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးသည် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် မြို့နယ်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၌ ယာမှ လယ်ပြောင်းခြင်းနှင့်စပ်လျဉ်း၍ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို တက်ရောက်ခဲ့သည်။

ထို့နောက် ဗလမင်းထင်ခန်းမ၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၈/၂၀၂၆)လ ဝန်ထမ်းဆန္ဒဖော်ထုတ်ပွဲ(ဒါဘ) ပြုလုပ်ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား ဝန်ထမ်းသက်သာချောင်ချိရေး ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

(၅၀၅)

# ခေတ်မီကျေးရွာထူထောင်ရေးလုပ်ငန်း (Smart Village) စီမံကိန်း မိတ်ဆက်ရှင်းလင်း

**ဆီဆိုင် ဩဂုတ် ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့်"ခေတ်မီကျေးရွာထူထောင်ရေးလုပ်ငန်း (Smart Village) စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း" ကို ယမန်နေ့ နံနက်ပိုင်းက ပါလော ပါကယ်ကျေးရွာအုပ်စု၊ လွယ်ဆံဆစ်ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့သည်။



အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်လှသိန်းက အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဒေါ်သိန်းနွဲ့ဦးက စီမံကိန်းအကြောင်းအရာများကို မိတ်ဆက်ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသည့် ကျေးရွာပြည်သူများက အများသဘောဆန္ဒနှင့်အညီ ခေတ်မီကျေးရွာထူထောင်ရေးလုပ်ငန်း(Smart Vilage) စီမံကိန်းအတွက် ကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ခဲ့ကြသည်။

အဆိုပါ"ခေတ်မီကျေးရွာထူထောင်ရေးလုပ်ငန်း (Smart Village) စီမံကိန်းကို လွယ်ဆံဆစ်ကျေးရွာအား ရွေးချယ်ဆောင်ရွက်ခြင်းဖြစ်ပြီး ကျေးရွာရှိ အိမ်ခြေ ၁၆၃ လုံး၊ အိမ်ထောင်စု ၁၇၃ စုနှင့် လူဦးရေ ၁၀၁၁ ဦးတို့၏ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ (ဝဲပုံ)

**မြို့နယ်(ပြန်/ဆက်)**

# စာပေချစ်သူများအသင်း (Book Club) စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပ

**ကံမ ဩဂုတ် ၅**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာပေချစ်သူများအသင်း (Book Club)တို့ ပူးပေါင်း၍ စာရေးဆရာ အောင်သင်းရေးသားသည့် လူငယ်ရဲ့ဘဝနှင့် တန်ဖိုး စာအုပ်အား စာဖတ်ဝိုင်းဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ ၃ နာရီက ကံမမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre) ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဆင့်က စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိပြီး စာပေဖတ်ရှုခြင်းဖြင့်ရရှိလာသော အသိပညာဗဟုသုတများကို စာဖတ်သူအချင်းချင်း အပြန်အလှန်ဆွေးနွေးနိုင်ရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသည့် (Book Club) အဖွဲ့ဝင်များက စာရေးဆရာ အောင်သင်းရေးသားသည့် လူငယ်ရဲ့ဘဝနှင့် တန်ဖိုး စာအုပ်တွင်ပါရှိသည့် အကြောင်းအရာများအား ဆွေးနွေးကြရာ (Book Club)အဖွဲ့ဝင် ဒေါ်နုနုဝင်းက စာအုပ်အပေါ် အမြင်နှင့် ခံစားချက်ကို ဦးဆောင်ဆွေးနွေးခဲ့ပြီး ဒေါ်အေးအေးမွန်က စာအုပ်မှရရှိသည့် အကျိုးကျေးဇူးသိမှတ်ဖွယ်ရာအကြောင်းများကို ဆွေးနွေးခဲ့ကြသည်။ တက်ရောက်လာကြသည့် စာပေချစ်သူများက ဆွေးနွေးမှုများအပေါ် အပြန်အလှန် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ) ဇော်ထက်(သရက်)**






# စာအုပ်၊ စာစောင်ပြပွဲ ကျင်းပ

**တောင်တွင်းကြီး ဩဂုတ် ၅**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန(Community cen-tre)တွင် ယမန်နေ့ နံနက် ၁၀ နာရီက စာအုပ်၊ စာစောင်ပြပွဲ ကျင်းပခဲ့သည်။

အဆိုပါ စာအုပ်၊ စာစောင်ပြပွဲအား ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက တောင်တွင်းကြီးမြို့နယ်အတွင်း ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ မြို့နယ်ပြည်သူ့စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန်၊ စာပေဖတ်ရှုသည့် အလေ့အထမှ အလေ့အကျင့်ကောင်းများ ရရှိစေရန်၊ စာပေဗဟုသုတကြွယ်ဝစေရန်နှင့် စာအုပ်၊ စာစောင်များအား တန်ဖိုးထားတတ်စေရန် ရည်ရွယ်၍ စာအုပ်၊ စာစောင်ပြပွဲ ကျင်းပရခြင်းဖြစ်ကြောင်းနှင့် အလုပ်တာဝန်များဖြင့် မအားလပ်၍ လာရောက်မဖတ်ရှုနိုင်သည့် စာပေချစ်မြတ်နိုးသူများအတွက်လည်း mobile library စနစ်ဖြင့် စာဖတ်သူများလက်ဝယ်အရောက် စာအုပ်၊ စာစောင်များ ငှားရမ်းပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါစာအုပ်၊ စာစောင်ပြပွဲတွင် သုတ၊ ရသ၊ ရုပ်ပြစာအုပ်စာစောင်များ၊ အသိပညာဗဟုသုတရရှိစေမည့် စာအုပ်များကိုလည်း ခင်းကျင်းပြသခဲ့ပြီး ကျောင်းသား၊ ကျောင်းသူကလေးသူငယ်များနှင့် လူငယ်လူရွယ် ၂၅ ဦးခန့်က စိတ်ဝင်တစား လေ့လာဖတ်ရှုခဲ့ကြောင်း သိရသည်။

(ယာပုံ)

**နောင်နောင်(မိသနီးမြေ)**

ဖတ်စရာ၊ မှတ်စရာ
ခံ့လင်
ရွှေနဒီ

## ပရဟိတ

* တို့တိုင်းတူနေ၊ တို့တစ်တွေသည်
မြန်ပြည်တစ်လွှား၊ နိုပ်စက်ခြားသည့်
ဘေးများရန်စွယ်၊ အန္တရာယ်တို့
ဖြစ်ဖွယ်စားစား၊ မဖယ်ရှားဘဲ
ပစ်ထားဝေးစွာ၊ လက်ပိုက်ပါလို့
ကြည့်ကာနေမလား၊ သင်စဉ်းစားလော့။
* မျိုးနွယ်မတူ၊ အယူကွဲပြား၊
မစဉ်းစားနှင့်။
* ဆင်းရဲချမ်းသာ၊ လိုက်ကာကွဲပြား၊
မခွဲခြားနှင့်။
* အသက်အရွယ်၊ ကြီးငယ်ခွဲခြား
ပစ်မထားနှင့်။
* ပသို့ဆိုစေ၊ များဝေနေကို
ဗျာပွေ ပူနောက်၊ သောကပျောက်အောင်
ကျရောက်ဒုက္ခ၊ ပျက်ပြယ်ရအောင်
ဘဝတစ်ကွေ့၊ အေးချမ်းမြေ့အောင်
စွမ်းပေ့အမောင်၊ သင်ကျိုးဆောင်လော့။
* လောကတစ်ခွင်၊ အလှဆင်ရန်
ပြည်ခွင်တစ်လွှား၊ နေသူများတွက်
တစ်ပါးသူ့ကို၊ ကောင်းစေလိုသည့်
ရှက်သိစိတ်က၊ "ပရဟိတ" ဖြင့်
များစွပြည်ရွာ၊ ဝပြောသာအောင်
နောင်လာမျိုးနွယ်၊ တုယူလွယ်အောင်
ဤနယ်လုပ်ပြ၊ ရင်ဝယ်ခအောင်
စိတ်လှအမောင်၊ သင်ကျိုးဆောင်လော့။
* တို့များ တို့မြေ၊ တို့တူနေသူ
မျိုးဆွေတိုင်းသား၊ ညီနောင်များ၏
ဖြစ်ပွားအပူ၊ ဗလောင်ဆူကို
ကိုယ့်ပူစိတ်ထား၊ မျှခံစား၍
တို့များဖေးကူ၊ အေးတူပူမျှ
စောင့်ရှောက်ကြဖို့။ ။

**ပန်းသစ္စာ(ပုသိမ်ကြီး)**



## ရေချွေတာရေး နည်းလမ်းများ

* ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။
* ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။
ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။
* အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။
* အဝတ်လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့်လျှော်ပါ။
* ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။

# အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းကြောင့် မည်သည့်ရွာမျှ ပြောင်းရွှေ့ရခြင်းမရှိကြောင်းနှင့် လယ်ယာမြေ အကွက်ရိုက်ရောင်းချထားသူများထံမှ အမှန်တကယ် ဝယ်ယူမိသူများဖြစ်ပါက ဆုံးရှုံးမှုများသက်သာစေရေးအတွက် ကုမ္ပဏီအနေနှင့်တတ်နိုင်သမျှ အကောင်းဆုံးကူညီဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာခြင်း

၁။ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ခြင်းကြောင့် ရွာများ ပြောင်းရွှေ့ရမည်ဖြစ်ကြောင်း၊ ရွာရှိ အဆောက်အဦများကို ဖြိုဖျက်လျက်ရှိကြောင်း အစရှိသည့် ခေါင်းစဉ်များဖြင့် ကောလာဟလသတင်းများကို စီမံကိန်းဝန်းကျင်ရှိ ရွာများတွင် နေထိုင်သူများ စိတ်ပူပန်စေရန် လူမှုကွန်ရက်များတွင် ရည်ရွယ်ချက်ရှိရှိဖြင့် ဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိနေရပါသည်။

၂။ အဆိုပါကောလာဟလသတင်းများကြောင့် အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းနှင့် ထိစပ်ဧရိယာများရှိ ရွာများတွင် နေထိုင်သူများအတွက် စိတ်ပူပန်မှုများ မဖြစ်စေရေးအတွက် ကျွန်တော်များ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းမှ ဤကြေညာချက်ကို ထုတ်ပြန်ပေးခြင်းဖြစ်ပါသည်။

၃။ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းသည် လွန်ခဲ့သော (၁၀)နှစ်တာကာလ (၂၀၁၆ ခုနှစ်)ကပင် စတင်ဆောင်ရွက်ခဲ့သော စီမံကိန်းဖြစ်ပါသည်။ စီမံကိန်းဧရိယာအတွင်း ရှမ်းကလေးကျွန်းရွာတစ်ခုသာ ပါဝင်ပြီး အခြားမည်သည့်ရွာမှ ပါဝင်ခြင်းမရှိကြောင်းနှင့် ရှမ်းကလေးကျွန်းရွာသည် စီမံကိန်းဧရိယာတွင် ပါဝင်သော်လည်း ရွှေ့ပြောင်းရခြင်းမရှိသည့်အပြင် ရှမ်းကလေးကျွန်းရွာဝန်းကျင်တွင် ရွာပတ်လမ်းမကြီးများ၊ လျှပ်စစ်မီးတိုင်များ၊ သစ်ပင်ပန်းပင်များ၊ ကျောင်းများ၊ ဆေးပေးခန်းများ၊ မီးသတ်စခန်းများ အစရှိသော လူအများနေထိုင်ရာတွင် လိုအပ်သည့် အများနှင့်သက်ဆိုင်သော အဆောက်အဦများကို ကုမ္ပဏီကုန်ကျစရိတ်ဖြင့် ဆောက်လုပ်ပြီး ရွာနှင့် ရွာဝန်းကျင်ကို အဆင့်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ယခုအခါတွင် ရှမ်းကလေးကျွန်းရွာသည် ယခင်ကာလကထက် များစွာ ပို၍ဖွံ့ဖြိုးတိုးတက်ပြီး ကောင်းမွန်လာသည်ကို လက်တွေ့မြင်တွေ့နိုင်ပါသည်။

၄။ စီမံကိန်းဧရိယာတွင် ပါဝင်သော မည်သည့်မြေနေရာကိုမှ ကုမ္ပဏီက အခမဲ့သိမ်းယူဆောင်ရွက်ခြင်းမရှိကြောင်း၊ ကုမ္ပဏီအနေနှင့် စီမံကိန်းဧရိယာတွင် ပါဝင်သော မြေနေရာများကို သက်ဆိုင်သူများထံမှ ကာလပေါက်ဈေးများဖြင့် ညှိနှိုင်းဝယ်ယူခြင်း၊ ရောင်းချလိုခြင်းမရှိသော မြေနေရာများကို စီမံကိန်းစာချုပ်ပါအတိုင်း မြို့မြေကွက်များဖြင့် ပြန်လည်လဲလှယ်ပေးခြင်း နည်းလမ်းများဖြင့်သာ ဆောင်ရွက်ခဲ့ပါသည်။

၅။ စီမံကိန်းဧရိယာတွင် ပါဝင်သော မြေနေရာများနှင့် သက်ဆိုင်သူများအနေနှင့် မိမိနှင့်သက်ဆိုင်သော မြေနေရာများအတွက် တန်ဖိုးငွေရယူခြင်း (သို့မဟုတ်) မြို့မြေကွက်များဖြင့် လာရောက်လဲလှယ်ခြင်း နည်းလမ်းများဖြင့် ဆောင်ရွက်ရန် အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်း အထောက်အကူပြုကော်မတီမှ ပထမအကြိမ် အသိပေးကြေညာချက်အား (၁၅-၉-၂၀၂၃)ရက်၊ ဒုတိယအကြိမ် အသိပေးကြေညာချက်အား (၁၈-၁-၂၀၂၄)ရက်၊ တတိယအကြိမ် အသိပေးကြေညာချက်အား (၁၃-၁၁-၂၀၂၄)ရက်၊ စတုတ္ထအကြိမ် အသိပေးကြေညာချက်အား (၁၆-၃-၂၀၂၅)၊ (၁၈-၃-၂၀၂၅)နှင့် (၂၀-၃-၂၀၂၅)ရက်များ၊ ပဉ္စမအကြိမ် အသိပေးကြေညာချက်အား (၇-၄-၂၀၂၆)၊ (၈-၄-၂၀၂၆)နှင့် (၉-၄-၂၀၂၆)ရက်များတွင် သတင်းစာများတွင် ထည့်သွင်း၍လည်းကောင်း၊ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများတွင် ကြော်ငြာဘုတ်များ စိုက်ထူအသိပေးခြင်းဖြင့်လည်းကောင်း အများသိစေရန် ပွင့်လင်းမြင်သာစွာ ကြေညာပေးခဲ့ပါသည်။

၆။ အဆိုပါကြေညာချက်များ အကြိမ်ကြိမ်ဆောင်ရွက်ပြီးသည့်တိုင်အောင် လာရောက်ဆက်သွယ်ခြင်း မရှိသေးသောသူများအနေနှင့် အဆိုပါမြေနေရာများနှင့် သက်ဆိုင်သည့် စာရွက်စာတမ်း အထောက်အထားများ ပြည့်စုံစွာဖြင့် အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်း အထောက်အကူပြုကော်မတီသို့သော်လည်းကောင်း၊ ကျွန်တော်များ ကုမ္ပဏီသို့သော်လည်းကောင်း လာရောက်ဆက်သွယ်ပါက သတ်မှတ်မြို့မြေကွက် (သို့မဟုတ်) သတ်မှတ်တန်ဖိုးငွေများ ပြန်လည်ထုတ်ယူရရှိရေးအတွက်ကိုလည်း စီစဉ်ဆောင်ရွက်ထားရှိပါသည်။

၇။ စီမံကိန်းဧရိယာအတွင်း မြေနေရာအချို့ကို လူပုဂ္ဂိုလ်အဖွဲ့အချို့မှ တရားမဝင် အကွက်ရိုက်ရောင်းချခြင်းကြောင့် ဖြစ်ပေါ်နေသောအခက်အခဲများနှင့် စပ်လျဉ်း၍လည်း အများသိစေရန် ဆက်လက်ရှင်းလင်း တင်ပြအပ်ပါသည်။

- ၇.၁။ အမရပူရမြို့ပြဖွံ့ဖြိုးရေး စီမံကိန်းဧရိယာအတွင်းသာမက မန္တလေးတိုင်းဒေသကြီး နေရာအနှံ့အပြားတွင် လယ်ယာမြေများကို အကွက်ရိုက်ရောင်းချခြင်းကြောင့် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိသည်မှာ လူအများသိရှိသော ကိစ္စရပ်ဖြစ်ပါသည်။
- ၇.၂။ ယခုအခါတွင် အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းဧရိယာအတွင်းရှိ လယ်ယာမြေအချို့ကို တရားမဝင် အကွက်ရိုက်ရောင်းချခဲ့သူများထံမှ ဝယ်ယူထားသည့် ပြည်သူများ နစ်နာပါသည်ဟု ဆိုသူများလည်း ပါဝင်လျက်ရှိလာပါသည်။
- ၇.၃။ ထို့အပြင် အဆိုပါ တရားမဝင်သည့် အကွက်ရိုက်မြေကွက်ဝယ်ယူမိခဲ့သူများဟု ဆိုသည့်သူများအနက် မိမိဝယ်ယူထားသောမြေကွက်ကို မည်သူ့ထံမှ ဝယ်ယူခဲ့သည်ကိုပင် ရှင်းလင်းအောင် ပြောမပြနိုင်သည့်သူအချို့လည်း ပါဝင်လာလျက်ရှိသည်ကို တွေ့ရှိနေရပါသည်။ အမှန်တကယ် ဝယ်ယူခဲ့ခြင်းမရှိဘဲ ဝယ်ယူခဲ့သည်ဆိုသည့်သူများကြောင့် အမှန်တကယ် ဝယ်ယူမိသူများသည်လည်း အစစ်အမှန် ဟုတ်၊ မဟုတ် ခွဲခြားရခက်ခဲမှုများ ဖြစ်ပေါ်နေပါသည်။
- **၇.၄။ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းဧရိယာအတွင်း အဆိုပါ လယ်ယာအကွက်ရိုက်မြေများကို ဝယ်ယူထားသူအစစ်အမှန်ဖြစ်ပါက၊ မည်သူ့ထံမှ မည်သည့်ရက်တွင် မည်သည့်စာချုပ်ဖြင့် ဝယ်ယူထားကြောင်း အဆိုပါငွေများကို မည်သို့ပေးချေထားကြောင်း အထောက်အထားများ စုံလင်စွာပြုစု၍ အဆိုပါအကွက်ရိုက်ရောင်းချသူ၊ အဖွဲ့ထံမှ ငွေပြန်လည်တောင်းခံရယူရေးဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။**
- ၇.၅။ သို့ဖြစ်ပါ၍ တရားမဝင် လယ်ယာမြေအကွက်ရိုက်ရောင်းချသူများထံမှ ဝယ်ယူခဲ့သူများအနေဖြင့် မိမိဝယ်ယူခဲ့သော စာရွက်စာတမ်းများကို ပြုစုထားပြီး အကွက်ရိုက်ရောင်းချသူများထံမှ ငွေပြန်လည်တောင်းခံနိုင်ရေးအတွက် ကျွန်တော်များ ကုမ္ပဏီအနေနှင့် ရှေ့နေအဖွဲ့ငှားရမ်းသည့် ကုန်ကျစရိတ်များကျခံ၍ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

၈။ စီမံကိန်းဧရိယာအတွင်းရှိ တရားမဝင် အကွက်ရိုက်ရောင်းချထားသော မြေကွက်များအပေါ် ဆောက်လုပ်ထားသော အဆောက်အဦများနှင့်စပ်လျဉ်း၍ အများသိစေရန် ဆက်လက်ရှင်းလင်းတင်ပြခြင်း။

- ၈.၁။ စီမံကိန်းဧရိယာအတွင်းရှိ တရားမဝင် အကွက်ရိုက်ထားသောမြေကွက်များကို အမှန်တကယ် ဝယ်ယူပြီး၊ အမှန်တကယ် အဆောက်အဦအချို့ ဆောက်လုပ်ထားသူများ ဖြစ်ပါက ကျွန်တော်များ ကုမ္ပဏီနှင့် မည်သို့မျှ သက်ဆိုင်ခြင်းမရှိသော်လည်း ကျွန်တော်များ ကုမ္ပဏီမှ လူမှုရေးကူညီမှုအဖြစ် အဆိုပါအဆောက်အဦတန်ဖိုးငွေအချို့ကို ပြန်လည်ပေးအပ်မည်ဖြစ်ပါသည်။
- ၈.၂။ တရားမဝင် မြေအကွက်ရိုက်ထားသူကိုယ်တိုင် ဖြစ်သလိုအမြန်ဆောက်လုပ်ထားသော အန္တရာယ်ရှိ အဆောက်အဦများ ဖြစ်ပါက ကျွန်တော်များ ကုမ္ပဏီမှ အဆောက်အဦ တန်ဖိုးငွေများကို ပြန်လည်ပေးအပ်မည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

၉။ သို့ဖြစ်ပါ၍ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းကြောင့် မည်သည့်ရွာမျှ ပြောင်းရွှေ့ရခြင်းမရှိကြောင်းနှင့် စီမံကိန်းဧရိယာအတွင်းရှိ တရားမဝင် အကွက်ရိုက်ရောင်းချထားသူများထံမှ အမှန်တကယ် ဝယ်ယူမိသူများဖြစ်ပါက ဆုံးရှုံးမှုများသက်သာစေရေးအတွက် ကုမ္ပဏီအနေနှင့် တတ်နိုင်သမျှ အကောင်းဆုံး ကူညီဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အများသိရှိစေရန် လေးစားစွာဖြင့် အသိပေးကြေညာအပ်ပါသည်။

**အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်း**

## “ဒေါ်ထွေးထွေးမြင့်(ဘ)ဦးမျိုးညွန့်(၅/တမန(နိုင်)၀၄၂၀၆၃)ကိုင်ဆောင်သူနှင့် အများသိစေရန် အသိပေးကြေငြာခြင်း”

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ၁၄လမ်း၊ ၈၆လမ်းနှင့် ၈၇လမ်းကြားတွင် ဖွင့်လှစ်တည်ထောင်ထားသော SHWE SIN NAN TAW TRADING CO.,LTD ဒါရိုက်တာအဖွဲ့၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်ထွေးထွေးမြင့် (ဘ)ဦးမျိုးညွန့်(၅/တမန(နိုင်)၀၄၂၀၆၃)ကိုင်ဆောင်သူနှင့် အများသိစေရန် အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်။

SHWE SIN NAN TAW TRADING CO.,LTD တွင် အရောင်းမန်နေဂျာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဒေါ်ထွေးထွေးမြင့်အား ကုမ္ပဏီမှ အလုပ်တာဝန်ရပ်ဆိုင်းထုတ်ပယ်လိုက်ပြီ ဖြစ်ပါသောကြောင့် ဒေါ်ထွေးထွေးမြင့် အနေဖြင့် ပြုလုပ်ခဲ့သော စီးပွားရေးနှင့် ကိုယ်ရေးကိုယ်တာ ကိစ္စရပ်များအားလုံးသည် SHWE SIN NAN TAW TRADING CO.,LTD နှင့်လုံးဝပတ်သတ် စပ်ဆိုင်ခြင်း မရှိပါကြောင်းနှင့် ဒေါ်ထွေးထွေးမြင့် အနေဖြင့် ပြုလုပ်ဆောင်ရွက်ခဲ့သည့် ကိစ္စရပ်များအားလုံးအပေါ် SHWE SIN NAN TAW TRADING CO.,LTD ဘက်မှ တစ်စုံတစ်ရာ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည် မဟုတ်ပါကြောင်း အသိပေးကြေငြာအပ်ပါသည်။ ထို့အပြင် ကုမ္ပဏီ၏အမည်ကို အသုံးပြု၍ ကုမ္ပဏီနှင့်ဆက်စပ်လုပ်ကိုင်ဆောင်ရွက်သူများထံ ကုမ္ပဏီမှ ခိုင်းစေသည့် ပုံစံမျိုးဖြင့် အလွဲသုံးစားပြုမှုဆောင်ရွက်ခြင်းများ ပြုလုပ်ပါက ကုမ္ပဏီ၏ နစ်နာမှုကိစ္စအဝဝအတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဒေါ်ထွေးထွေးမြင့်(ဘ) ဦးမျိုးညွန့်(၅/တမန(နိုင်)၀၄၂၀၆၃)ကိုင်ဆောင်သူနှင့် အများသိစေရန် ကြေငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ– ဒေါ်နန္ဒာမြင့်သိန်း(တရားလွှတ်တော်ရှေ့နေ)(စဥ်–၈၀၃၆)**

**ဒေါ်ချောစုမေ(စဥ်–၉၈၁၅)၊ ဒေါ်ဆုမွန်မွန်(စဥ်–၁၁၆၄၇)၊ ဦးကျော်ကျော်နိုင်(စဥ်–၁၅၃၈၇) (တရားလွှတ်တော်ရှေ့နေများ)**

**အမှတ်(ဒီ–၄)၊ သီရိရိပ်သာ(၂)၊ ၆၅လမ်း၊ ၃၄လမ်းနှင့် ၃၅လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ရုံးခန်း ဖုန်း ၀၉–၄၅၀၀၄၉၇၀၆၊ ၀၉–၂၀၃၅၈၅၅။** Email: lawfirmmyanmar@gmail.com

**ဘိုးဘပိုင်မြေကြော်ငြာစာ** ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

| စဉ် | လျှောက်ထားသူ | လျှောက်ထားသည့်မြေ | | | | | အမှုတွဲအမှတ် |
|---|---|---|---|---|---|---|---|
| | အမည်/မှတ်ပုံတင် | လိပ်စာ | မြေအမည်ပေါက် | မြို့နယ် | အကွက် | ဦးပိုင် | |
| ၁။ | ဒေါ်ထက်ထက်တင်ဝိုး(၉/ဒဘဓ(နိုင်)၀၃၈၃၅) | ၀၁လမ်း၊၁၉လမ်းနှင့်လမ်း၂၀ကြား၊(ပုလဲငွေရောင်) | ဒေါ်ရှိမာနား(၁)ရွှန်းလဲ့ဝင်း | အောင်မြေသာစံ | ၁၄၁ | ၁၅–၁+၁၆–က | ၀၀၇၅/ဘ(ပြောင်း)/၂၀၂၆–၂၀၂၇ |
| ၂။ | ဒေါ်အေးမြသူ(၉/မဟမ(နိုင်)၀၀၇၂၉၄ | ၄၃လမ်းနှင့်၀၂လမ်းထောင့်၊(ရွှေဘုန်းရှိန်) | ဒေါ်မြသွင် | မဟာအောင်မြေ | ၈၇ | ၁၉+၄၁ | ၀၀၇၇/ဘ(ပြောင်း)/၂၀၂၆–၂၀၂၇ |
| ၃။ | ဦးအမိကြံ(၁)အေးကြူ(၉/မနမ(နိုင်)၀၉၁၉၄၅) | ၁၀လမ်းနှင့်၁၉လမ်းကြား၊ဂ၀လမ်းနှင့်ဂ၉လမ်းကြား၊(ဟေမမာလာတောင်) | ဦးတင်ဦး(၁)ကျွန်စိန်ကုန်းပါ–၂ | မဟာအောင်မြေ | ၆၅၅ | ၀၁ | ၀၀၇၆/ဘ(ပြောင်း)/၂၀၂၆–၂၀၂၇ |
| ၄။ | ဒေါ်ယမင်းသူ(၅/ဒုတ(နိုင်)၀၀၈၄၀၂) | ၂၃လမ်း၊လမ်း၈၀နှင့်၀၁လမ်းကြား၊(ပြည်ကြီးကျက်သရေ) | ဒေါ်စန်းစန်းရင် | အောင်မြေသာစံ | ၁၆၄ | ၆ | ၀၀၇၈/ဘ(ပြောင်း)/၂၀၂၆–၂၀၂၇ |
| ၅။ | ဦးခင်မောင်လွင်(၉/မရမ(နိုင်)၀၂၄၅၀၃) | ဂဂလမ်း၊၃၆လမ်းနှင့်၃ဂလမ်းကြား၊(ဟေမမာလာမြောက်) | ဦးဘကျော် | မဟာအောင်မြေ | ၆၃၉ | ၅၅–၁ | ၀၀၇၉/ဘ(ပြောင်း)/၂၀၂၆–၂၀၂၇ |
| ၆။ | ဦးအောင်ထက်ဦး(၉/မဟမ(နိုင်)၀၀၃၀၂၆) | ၈၀လမ်း၊၃၃လမ်းနှင့်၃၄လမ်းကြား၊(ပြည်ကြီးပျော်ဘွယ်အနောက်) | မောင်စံရပါ–၂ | ချမ်းအေးသာစံ | ၃၈၅ | ၅–က+၅–ခ | ၀၀၈၀/ဘ(ပြောင်း)/၂၀၂၆–၂၀၂၇ |
| ၇။ | ဦးသန်းထွန်းဦး(၉/ဒဘဓ(နိုင်)၀၅၁၇၁၄)၊ဒေါ်ရမား(၁)စန္ဒာ(၉/ဒဘဓ(နိုင်)၀၀၂၇၆၀) | ၂၆လမ်းနှင့်၂၇လမ်းကြား၊၈၇လမ်းနှင့်ရွှေတချောင်းလမ်းကြား၊(သီရိဟေမာအရှေ့) | ဦးစံထွန်းပါ–၂ | ချမ်းအေးသာစံ | ၂၃၇ | ၁၆–က | ၀၀၈၁/ဘ(ပြောင်း)/၂၀၂၆–၂၀၂၇ |
| ၈။ | ဒေါ်မြမိုးမြူ(၉/ဒဘဓ(နိုင်)၀၂၈၁၀၉)၊ဦးမျိုးမင်းဦး(၉/ဒဘဓ(နိုင်)၀၂၀၂၅၃) | ၈၉လမ်း၊၂၉လမ်းနှင့်လမ်း၃၀ကြား၊(ပြည်ကြီးပျော်ဘွယ်အရှေ့) | မောင်ကောင်းပါ–၂ | ချမ်းအေးသာစံ | ၂၅၄ | (၇၁)ခဲဝင်း | ၀၀၈၂/ဘခွဲ(ပြောင်း)/၂၀၂၆–၂၀၂၇ |
| ၉။ | ဦးဇော်လွင်ဦး(၁၂/ဗဟန(နိုင်)၀၇၁၃၃၀)၊ဒေါ်သိင်္ဂီဦး(၁၂/ဒဂန(နိုင်)၀၀၂၃၂၆ ဒေါ်သိင်္ဂီဝင်း(၁၂/ဒဂန(နိုင်)၀၀၂၃၂၇)၊ဦးတင်မောင်လွင်(၁၂/ဒဂန(နိုင်)၀၀၂၃၂၉) ဒေါ်သီတာဝင်း(၁၂/ဒဂန(နိုင်)၀၀၂၃၂၈) | ၈၅(E)လမ်း၊၃၄လမ်းနှင့်၃၅လမ်းကြား၊ (ချမ်းအေးသာစံအရှေ့) | ဦးသိန်းတိုး | ချမ်းအေးသာစံ | ၅၉၄ | ၅၄–ခ | ၀၀၈၃/ဘ(ပြောင်း)/၂၀၂၆–၂၀၂၇ |
| ၁၀။ | ဦးတင်မောင်ဝင်း(၉/မခန(နိုင်)၀၁၀၆၆၀)၊ဒေါ်မြင့်မြင့်သ(၉/မခန(နိုင်)၀၂၁၂၄၀) | ၂၉လမ်းနှင့်လမ်း၃၀ကြား၊ဂ၃လမ်းနှင့်ဂ၄လမ်းကြား၊(စိတ္တရမဟီ) | ဦးတင်မြသိန်းပါ–၅ | ချမ်းအေးသာစံ | ၇၁၅ | ၁၈–၄ | ၀၀၈၄/ဘ(ပြောင်း)/၂၀၂၆–၂၀၂၇ |
| ၁၁။ | ဦးလှမင်းထွန်း(၉/မရမ(နိုင်)၀၀၆၂၆၀) | ၃၃လမ်းနှင့်၃၄လမ်းကြား၊ဂ၁လမ်းနှင့်ဂ၂လမ်းကြား၊(ရန်မျိုးလုံ) | ဦးသန်းရွှေပါ–၂ | ချမ်းအေးသာစံ | ၇၄၃ | ၅၁ | ၀၀၈၅/ဘ(ပြောင်း)/၂၀၂၆–၂၀၂၇ |
| ၁၂။ | ဒေါ်ရီမြင့်(၁)ရီရီမြင့်(၁/မကန(နိုင်)၀၂၈၅၀၄) | ၁၅လမ်းနှင့်တာရိန်းလမ်းကြား၊စိန်ပန်းလမ်းမကြီးနှင့်ဦးလာဘလမ်းကြား၊(စိန်ပန်း) | U KYAN YIN WEI(၁)ကျန်ရင်ဝေပါ–၂ | မဟာအောင်မြေ | ၃၃၇ | ၀၄ | ၀၀၈၆/ဘ(ပြောင်း)/၂၀၂၆–၂၀၂၇ |
| ၁၃။ | ဒေါ်ခင်စန်းမြင့်(၉/မနတ(နိုင်)၀၅၂၄၈၅) | ၈၇လမ်းနှင့်၈၈လမ်းကြား၊၃၁လမ်းနှင့်၃၂လမ်းကြား၊(ပြည်ကြီးပျော်ဘွယ်အနောက်) | ဦးစံလှ | ချမ်းအေးသာစံ | ၂၆၇ | ၅(ခဲဝင်း) | ၀၀၈၇/ဘခွဲ(ပြောင်း)/၂၀၂၆–၂၀၂၇ |
| ၁၄။ | ဦးကျော်စိန်(၉/မနတ(နိုင်)၀၅၂၄၈၉) | ၈၇လမ်းနှင့်၈၈လမ်းကြား၊၃၁လမ်းနှင့်၃၂လမ်းကြား၊(ပြည်ကြီးပျော်ဘွယ်အနောက်) | ဦးစံလှ | ချမ်းအေးသာစံ | ၂၆၇ | ၅(ခဲဝင်း) | ၀၀၈၈/ဘခွဲ(ပြောင်း)/၂၀၂၆–၂၀၂၇ |
| ၁၅။ | ဒေါ်ခင်တင့်(၉/မနတ(နိုင်)၀၅၂၄၉၃) | ၈၇လမ်းနှင့်၈၈လမ်းကြား၊၃၁လမ်းနှင့်၃၂လမ်းကြား၊(ပြည်ကြီးပျော်ဘွယ်အနောက်) | ဦးစံလှ | ချမ်းအေးသာစံ | ၂၆၇ | ၅(ခဲဝင်း) | ၀၀၈၉/ဘခွဲ(ပြောင်း)/၂၀၂၆–၂၀၂၇ |
| ၁၆။ | ဦးမောင်မြင့်(၉/မရမ(ဧည့်)၀၀၀၁၃၅) | လမ်း၃၀နှင့်၃၁လမ်းကြား၊၈၂လမ်း၊(အောင်နန်းရိပ်သာအရှေ့) | မောင်မြင့်ပါ–၂ | ချမ်းအေးသာစံ | ၅၈၀ | ၂ | ၀၀၉၀/ဘ(ပြောင်း)/၂၀၂၆–၂၀၂၇ |
| ၁၇။ | ဒေါ်လှိုင်လှိုင်ဝင်း(၉/ဒဘဓ(နိုင်)၀၀၆၁၈၀) | လမ်း၃၀နှင့်၃၁လမ်းကြား၊လမ်း၈၀နှင့်၈၁လမ်းကြား၊(အောင်နန်းရိပ်သာအရှေ့) | ဦးဝင်းမောင်ပါ–၂ | ချမ်းအေးသာစံ | ၅၈၂ | ၁၃ | ၀၀၉၂/ဘ(ပြောင်း)/၂၀၂၆–၂၀၂၇ |
| ၁၈။ | ဦးခင်မောင်ညွန့်(၉/မရတ(နိုင်)၀၂၈၅၇)၊ဦးဝင်းညွန့်အောင်(၉/မရတ(နိုင်)၁၀၈၃၆၀) ဦးဇော်ထွန်း(၉/မရတ(နိုင်)၀၀၄၇၈၀)၊ဒေါ်မေဗူးဟိန်း(၉/မဟမ(နိုင်)၀၄၁၆၁၉) ဒေါ်မြသက်ညွှန့်(၉/မဟမ(နိုင်)၀၆၃၄၅၁) | ဂ၀လမ်းနှင့်ဂ၉လမ်းကြား၊လမ်း၄၀နှင့်၄၁လမ်းကြား၊ (ဟေမမာလာတောင်) | ဒေါ်ရှုတ်ရင် | မဟာအောင်မြေ | ၆၆၅ | ၆၇–က | ၀၀၉၃/ဘ(ပြောင်း)/၂၀၂၆–၂၀၂၇ |

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ဒုတိယသမ္မတ ဦးညိုစော ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ရေကြီးရေလျှံဖြစ်ပွားမှုနှင့် ပြုပြင်ရေး၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

### ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးအတွက် သက်ဆိုင်ရာဌာနများအားလုံး ပူးပေါင်းဆောင်ရွက်

နေပြည်တော် ဩဂုတ် ၅

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ငဝန်တာကျိုးပေါက်ပြီး ရေကျော်စီးဝင်ခြင်းကြောင့် ရေကြီးရေလျှံဖြစ်ပွားမှုနှင့်စပ်လျဉ်း၍ တာပိတ်ဆို့ပြုပြင်ရေး၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၃ နာရီခွဲတွင် ပုသိမ်မြို့ရှိ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ဒုတိယသမ္မတ ဦးညိုစော တက်ရောက်အမှာစကားပြောကြားသည်။



ဒုတိယသမ္မတ ဦးညိုစော ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ရေကြီးရေလျှံဖြစ်ပွားမှုနှင့်စပ်လျဉ်း၍ တာပိတ်ဆို့ပြုပြင်ရေး၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

အစည်းအဝေးသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကျော်လင်းမောင်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်ခိုင်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတက ဖြစ်ပွားလေ့ရှိသည့် သဘာဝဘေးအန္တရာယ်များကို သက်သာလျော့ပါးစေရန်နှင့် သဘာဝဘေးဖြစ်ပွားပြီးချိန်တွင် ပြန်လည်ထူထောင်ရေးအတွက် ကြိုတင်စီမံထားရှိပြီးဖြစ်ပါကြောင်း၊ ယခုအခါ လေးမျက်နှာမြို့နယ် ငဝန်တာ၏အောက်ခံမြစ်ကျိုးအင်း သဲကြောမှထူးပေါက်၍

စာမျက်နှာ ၄ သို့ ◆

## ယနေ့ ဖတ်စရာအညွှန်း

သက်ကြီးရွယ်အိုများ၏ နာကျင်မှုနှင့် စိတ်ဓာတ်ကျဆင်းမှုကို ပုံမှန်နေ့စဉ်လှုပ်ရှားမှုများပြုလုပ်ခြင်းဖြင့် လျှော့ချပေးနိုင်

စာမျက်နှာ ၇

စပေ့စ်အိတ်ခ်စ်ဒုံးပျံမှ ကျောင်းကား အရွယ်အပိုင်းအစတစ်ခု လမျက်နှာပြင်ပေါ် ပျက်ကျပြီး ကျင်းသစ်တစ်ခု ဖြစ်ပေါ်စေခဲ့

စာမျက်နှာ ၈

ဟော်နီချက်ကို နယူးကာဆယ်အသင်း ခေါ်ယူ

စာမျက်နှာ ၁၁

## ဂီမာရေ့စ်ကို ခေါ်ယူရန် အာဆင်နယ်အသင်း သဘောတူညီမှုရရှိ

လန်ဒန် ဩဂုတ် ၅

ပရီးမီးယားလိဂ်ထိပ်သီးကလပ် အာဆင်နယ်အသင်းသည် နယူးကာဆယ်အသင်း ကွင်းလယ်ကစားသမား ဂီမာရေ့စ်ကို စတာလင်ပေါင် ၇၅သန်းဖြင့် ခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့ပြီဖြစ်သည်။

အာဆင်နယ်အသင်းသည် ကွင်းလယ်ကစားသမား ဂီမာရေ့စ်ကို ခေါ်ယူရန်အတွက် ဖွန်လ

စာမျက်နှာ ၅ သို့ ✡



## လေးမျက်နှာမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ငဝန်တာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် တာတမံနိမ့်ကျမှုဖြစ်ပွားပြီး မြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများ ရေဝင်ရောက်ခဲ့သဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၅

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်၌ ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုကြောင့် ငဝန်တာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် တာတမံနိမ့်ကျမှုဖြစ်ပွားပြီး ရေကျော်စီးဝင်ခြင်းကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ်ရပ်ကွက် ငါးခု၊ မြို့တွင်းလမ်းမကြီးများနှင့် ပတ်ဝန်းကျင်ကျေးရွာ ၇၂ ရွာ၊

စာမျက်နှာ ၄ သို့ ■



## မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရန်ကုန်-မန္တလေးရထားလမ်းပိုင်းရှိ တံတားအမှတ်(၇၃၉) နှင့် (၇၇၁)တံတားများ အသစ်တည်ဆောက်ပြီးစီး၍ ရထားများ ပုံမှန်အတိုင်း သတ်မှတ်မိုင်နှုန်းပြည့်ဖြင့် ဖြတ်သန်းမောင်းနှင်ပြေးဆွဲပေးလျက်ရှိ

မန္တလေး ဩဂုတ် ၅

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းအတွင်းရှိ ကျောက်ဆည်ဘူတာနှင့် မင်းစုဘူတာကြား၊ မိုင်တိုင်အမှတ် ၃၅၅/၁၂ နှင့် ၁၃ ရှိ တံတားအမှတ် (၇၃၉)နှင့် ကျောက်ဆည်ဘူတာနှင့် ဘဲလင်းဘူတာကြား၊ မိုင်တိုင်အမှတ် ၃၆၂/၂၂ နှင့် ၂၃ ရှိ တံတားအမှတ်(၇၇၁)တို့အား အသစ်တည်ဆောက်ပြီးစီး၍ ဩဂုတ် ၄ ရက်မှ စတင်၍ ရထားများ ပုံမှန်အတိုင်း သတ်မှတ်မိုင်နှုန်းပြည့်ဖြင့် ဖြတ်သန်းမောင်းနှင် ပြေးဆွဲပေးလျက်ရှိကြောင်း မြန်မာ့မီးရထားမှ သိရသည်။

အဆိုပါတံတားများအားသတ်မှတ်စံချိန်စံညွှန်းများအတိုင်း အမြန်ဆုံးပြီးစီးရေးအတွက် မြန်မာ့မီးရထားဝန်ထမ်းများက အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ တံတားများကိုယာယီပြုပြင်၍ ခွင့်ပြုမိုင်နှုန်းကန့်သတ်ချက်ဖြင့် ရထားများဖြတ်သန်း ပြေးဆွဲပေးခဲ့ပြီး အဆိုပါနေရာများ၌ တံတားအသစ်များတည်ဆောက်၍ အစားထိုးအသုံးပြုနိုင်ရန်စီစဉ်ဆောင်ရွက်ခဲ့ကြောင်း၊ တံတားနှစ်စင်းအား၂၀၂၅-၂၀၂၆ဘဏ္ဍာနှစ်နှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေများဖြင့်

စာမျက်နှာ ၅ သို့ ✡

